ကြေးမုံ

The Mirror

၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့ (2-10-2012) (၇၂၆၁)

ဒို့တာဝန်အရေးသုံးပါး

- ✩ ပြည်ထောင်စု မပြိုကွဲရေး။
- ✩ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ✩ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြန်မာနိုင်ငံ၏ဂုဏ်ကို ပြန်လည်ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် နိုင်ငံတော်သမ္မတ၏ အမေရိကန်ခရီးစဉ်ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူများက လှိုက်လှိုက်လှဲလှဲနှင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်

ရန်ကုန်   အောက်တိုဘာ   ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာ ၂၇ ရက်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပသည့် (၆၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် နယူးယောက်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ထိုသို့ရောက်ရှိစဉ် မြန်မာနိုင်ငံ၏ သမ္မတအနေဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ ဂုဏ်ကို ပြန်လည်ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထုလူတန်းစားအဖွဲ့အစည်းအသီးသီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှိုက်လှဲလှဲနှင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ ကြိုဆိုကြရာတွင် လေဆိပ်ခန်းမ၌ နိုင်ငံတော်သမ္မတအား တိုင်းရင်းသူလေးများက ပန်းစည်းဆက်၍ ကြိုဆိုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များနှင့် ရုပ်ရှင်အနုပညာရှင်များက မြန်မာနိုင်ငံအလံငယ်များကို ဝှေ့ယမ်းကာ ကြိုဆိုကြသည်။

ထို့ပြင် ပြည်သူများက ၎င်းတို့၏ ဆန္ဒဖြင့် နိုင်ငံတော်သမ္မတ၏ ရုပ်ပုံကားချပ်များ၊ ဆိုင်းဘုတ်များ၊ နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်းလျက် လေဆိပ်ဝင်းအတွင်းမှစ၍ လေဆိပ်လမ်းတစ်လျှောက် ကြိုဆိုနှုတ်ဆက်ကြရာ နိုင်ငံတော်သမ္မတက ပြည်သူများအား လေးစားသောအားဖြင့် လေဆိပ်ဧည့်ကြိုဆောင်မှ လေဆိပ်လမ်းမအထိ ကြိုဆိုနှုတ်ဆက်သူများထံ သွားရောက်ကာ ပြည်သူများနှင့် တစ်သားတည်း ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။ **စာမျက်နှာ ၈ ကော်လံ ၅ သို့◆**

သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ပြည်သူလူထုလူတန်းစား အဖွဲ့အစည်းအသီးသီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှိုက်လှဲလှဲနှင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတက ပြည်သူများအား လေးစားသောအားဖြင့် လေဆိပ်ဧည့်ကြိုဆောင်မှ လေဆိပ်လမ်းမအထိ ကြိုဆိုနှုတ်ဆက်သူများထံ သွားရောက်ကာ ပြည်သူများနှင့် တစ်သားတည်း ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်

ယနေ့ သတင်းအညွှန်း

အိုမင်းမှုဖြစ်စဉ်ကို ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာ့နိုင်ငံများ နည်းလမ်းရှာရန်လိုအပ်



စာမျက်နှာ ➢ ၅

ဂီတပျော်ပွဲအတွင်း နေမကောင်းဖြစ်ခဲ့ရသည့် ဂျက်စတင်ဘီဘာ



နိုင်ငံတကာ အနုပညာ

စာမျက်နှာ ➢ ၇

သွားကျန်းမာရေးကို ဂရုစိုက်စေချင်၊ ဖြစ်နိုင်ရင် မနက်တစ်ခေါက် ညတစ်ခေါက်လောက်တော့ သွားမှန်မှန်တိုက်

အိသူ၏ သတင်းမှတ်စု

စာမျက်နှာ ➢ ၈၊ ၉

ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုဇုန် ခုနစ်ခု ပြည်တွင်း၌ အသစ်တိုးချဲ့မည်

ပြည်တွင်း သတင်း

စာမျက်နှာ ➢ ၂

ကြေးမုံစာတည်းရှုထောင့် ၂-၁၀-၂၀၁၂[အင်္ဂါနေ့]။

လွတ်လပ်ခြင်း

ဒီမိုကရေစီထွန်းကားသော နိုင်ငံများတွင် လွတ်လပ်ခွင့်များ ရှိလာကြသည်။ လွတ်လပ်စွာ ဖော်ထုတ်ခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာ ဟောပြောခွင့်နှင့် လွတ်လပ်စွာ ရေးသားခွင့်များရှိကြသည်။

ကျွန်ုပ်တို့နိုင်ငံတွင်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းစ သက်တမ်းနုနု ကာလအတွင်း လွတ်လပ်မှုရှိလာသည်ကို တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ သို့သော် လွတ်လပ်မှုသည် အတိုင်းအတာတစ်ခု၊ အကန့်အသတ်တစ်ခု အထိ ရှိဖို့လိုမည်။

ကျွန်ုပ်တို့နိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသော နိုင်ငံဖြစ်၍ နိုင်ငံ၏ယဉ်ကျေးမှုကို မျက်ကွယ်မပြုမိဖို့ သတိပြုကြရမည်။ လွတ်လပ်သော တိုင်းပြည်တွင် ပြည်သူကိုအသိအမြင်ပေးသော မီဒီယာ၏အခန်းကဏ္ဍသည် အရေးကြီးလှပေသည်။

လွတ်လပ်မှုသက်တမ်းရင့်သည့် နိုင်ငံကြီးများတွင်ပင် စာရိတ္တပိုင်းဆိုင်ရာတွင် သူ့နေရာနှင့်သူ ဖော်ပြကြသည်။ အသက် (၁၈) နှစ်အောက်မကြည့်ရ၊ အရွယ်ရောက်ပြီးသူများ ဖတ်ရှုရန်သာဟူသည့် ပလေးဘွိုင်းကဲ့သို့ ဖတ်စရာတို့ကို သတ်သတ်မှတ်မှတ်ထားကြသည်။ ရောင်းကောင်းရုံသက်သက် အားလုံးပလေးဘွိုင်းပါဟုဆိုလျှင် ထိုလောကအတွက် မခက်ချေတကား။

အနည်းမှအများ တရားလက်လွတ်ပြုဖန်များက လူတို့၏ ကျင့်ဝတ်များနှင့် စာရိတ္တများ ပျက်စီးပေလိမ့်မည်။ ကျင့်ဝတ်နှင့် စာရိတ္တကို မျက်ကွယ်ပြုလျှင် ပတ်ဝန်းကျင်တစ်ခုလုံး၏ ကိုယ်ကျင့်တရားနှင့် စာရိတ္တများ မထိခိုက်ဘဲ ရှိနေမည်လား။ အများသူငါသည် ရွှေမှုန်စား၍ မွေးဖွားလာသူများမဟုတ်ဘဲ မြင်ဖန်များသော် အနည်းနှင့်အများ ပျက်သင့်သလောက် ပျက်ပြားမည်မှာ ယုံမှားသံသယ ဖြစ်ဖွယ်မရှိချေ။

အများနည်းတူ ပြုမူပါမှ ကောင်းလှသည်ဟုဆိုလျှင် မခက်လှပါတကား။ ကိုယ်ကျင့်သိက္ခာနှင့် စာရိတ္တတို့ကို တည့်မတ်ပြုပြင်ထိန်းကျောင်းရမည်မှာ ပြည်သူကို ကြေးမုံပြင်သဖွယ် ထင်ဟပ်ဖော်ပြပေးရမည့်သူများ၏ အလုပ်၊ အသိအမြင်ပေးရမည့်သူများ၏ တာဝန်ဖြစ်သည်။

လွတ်လပ်သောတိုင်းပြည်၊ ယဉ်ကျေးသောနိုင်ငံတို့တွင် ကိုယ်ကျင့်သိက္ခာနှင့် စာရိတ္တတို့သည် အရေးတကြီး အလေးထားရမည့်အချက်ပင် မဟုတ်ပါလား။ ကိုယ်ကျင့်သိက္ခာအတွက် ဆင်ခြင်တုံတရားထားမှု၊ စည်းကမ်းလိုက်နာမှု အားနည်းပါက ထိုတိုင်းပြည်သည် မည်သည့်အနေအထားသို့ရောက်မည်ကို သတိပြုကြရမည်ဖြစ်သည်။

ထိုအဖြစ်မျိုးမရောက်စေရန် အသိအမြင်ပေးရမည့်လောကတွင် ရှိနေကြသူများသည် သူတစ်ထူးထက် ဖြူစင်သောစိတ်ထားများ မွေးမြူထားကြရမည်သာ။ ထိုသို့ မဖြစ်စေရန် တာဝန်သိသောသူများက အစွမ်းကုန်ကူညီကြရမည်ဖြစ်သည်။

စည်းကမ်းသည် အရေးအကြီးဆုံးဖြစ်သည်။ စည်းကမ်းမရှိသူသည် ထာဝစဉ်မကြီးပွားနိုင်၊ ခဏပန်းလောက်သာ လူတွင်ကျယ်ဖြစ်နိုင်သည်။စည်းမဲ့ကမ်းမဲ့ပြုမူခြင်းကြောင့် မည်သို့ပင်ဆောင်ရွက်စေကာမူ လူထု၏နှာခေါင်းရှုံ့ခြင်းသာ နောက်ဆုံးခံစားရမည်ဖြစ်သည်။

ထိုနေရာတွင် ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြားခဲ့သည့်စကားကို အမှတ်ရမိသည်။ လွတ်လပ်ပြီဆိုပြီး လွတ်လပ်ရေးကို တလွဲသုံးမိလျှင် ကျွန်ုပ်တို့နိုင်ငံဘာနိုင်ငံဖြစ်သွားမည်ဟူသည့် ဆိုစကားအတိုင်း နိုင်ငံသားများအတွက် ရင်လေးမိသည်။ အထူးသဖြင့် ငယ်ရွယ်မိန်းမငယ်များအတွက် စိုးရိမ်မိသည်။

ယင်းသို့ဖြစ်ရကား ရှေ့အဖို့တွင် လွတ်လပ်မှုကို အခွင့်ကောင်းယူ၍ ကိုယ့်ကျင့်တရားနှင့်စာရိတ္တကို ထိခိုက်စေမည့်အပြုအမူများအား ပြည်သူလူထုသို့ မပေးမိစေရန် အထူးဂရုပြုကြရမည်ဖြစ်သည်။ ။

စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒများနှင့်အညီ မြန်မာနိုင်ငံတွင် မြန်မာ့အာမခံတက္ကသိုလ် ဖွင့်လှစ်ရန်အတွက် စီစဉ်ဆောင်ရွက်နေ

ရန်ကုန် အောက်တိုဘာ ၁

ယခုကျင်းပသည့် အာမခံလုပ်ငန်းဆိုင်ရာ Seminar သည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ပြုလုပ်သည့် Seminar ဖြစ်ပြီး အာမခံလုပ်ငန်းအတွက် အလွန်အကျိုးရှိမည့် Seminar ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုမူဝါဒများနှင့်အညီ မြန်မာနိုင်ငံတွင် မြန်မာ့အာမခံတက္ကသိုလ် ဖွင့်လှစ်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်နေကြောင်းဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပသည့် The 19th Session of the ISJ Overseas Seminar၌ ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူး Mr. Hideaki Matsuo၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်း၊ The General Insurance Association of Japan (GIAJ) မှ Executive Director Mr. Hiromi ASANO တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဂျပန်နိုင်ငံ အာမခံလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိသူများက " Insurance Market and Regulation in Japan - Past and Present" စာတမ်း၊ "Lessons and Issues- Case Study" စာတမ်း၊ " The Role of Insurance Regulator" စာတမ်းနှင့် " Achieving a Healthy Market Following Liberalization စာတမ်းတို့ကို ဖတ်ကြားဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါ Seminar ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၊ The General Insurance Association of Japan (GIAJ) နှင့် The Non-Life Insurance Institute of Japan တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၁၀-၂၀၁၂ (အင်္ဂါနေ့)

၇း၀၃	တရားတော်
၈း၀၉	ဇာတ်လမ်းတို
၄း၂၈	အင်္ဂလိပ်စာသုတ
၅း၀၅	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၃	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်ဒုတိယတွဲ (အပိုင်း-၄၀)**
၆း၁၅	Guide for You
၆း၃၀	အောင်မြင်ခြင်းလမ်းမ
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြယ်စင်နိမိတ်နှင့် သက်ကယ်မား" (အပိုင်း-၄၅)** -ဟာသရုပ်စုံ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "စောင့်လေမျိုးနွယ်" (အပိုင်း-၁၄)** -Mini Series

မိတ္ထီလာဈေးပတ်လမ်း တစ်လမ်းမောင်းစနစ် ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်

မိတ္ထီလာ အောက်တိုဘာ ၁

မိတ္ထီလာမြို့ ဈေးကြီးပတ်လမ်းတွင် ဈေးတောင်ဘက်ဈေးဆိုင်ခန်းများသို့ လာရောက်ဈေးဝယ်သူများ၏ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များနှင့် ဝင်းဆိုင်များသို့ ကုန်ပစ္စည်းလာရောက်ပို့ဆောင်သည့် ယာဉ်များကြောင့် မကြာခဏ ယာဉ်ပိတ်ဆို့မှုဖြစ်နေခြင်းမှာ တစ်လမ်းမောင်းစနစ်ကို မလိုက်နာဘဲ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းခြင်းကြောင့်ဖြစ်ပြီး ယခုအခါ တစ်လမ်းမောင်းစနစ် လိုက်နာကျင့်သုံးရေးကို ခရိုင်အဆင့်တာဝန်ရှိသူများကိုယ်တိုင် ကြီးကြပ်လမ်းညွှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဈေးပတ်လမ်းမှာ ယာဉ်ရပ်နားခွင့်ကောက်သူများအနေဖြင့် ရပ်နားမည့်ယာဉ်များကို လမ်းပိတ်ဆို့မှုမရှိစေရန်၊ စနစ်တကျရပ်နားစေရန်လိုအပ်ပြီး ယာဉ်မောင်းသူများကိုယ်တိုင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သို့မှသာ မိတ္ထီလာဈေးပတ်လမ်း တစ်လမ်းမောင်းစနစ် ပီပြင်စွာဖြစ်ပေါ်ပြီး ယာဉ်ပိတ်ဆို့မှုကြောင့်ဖြစ်ပေါ်သည့် လမ်းပိတ်ဆို့မှုများပျောက်ပြီး လမ်းသွားလမ်းလာများ အဆင်ပြေမည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက ပြောသည်။

စက်တင်ဘာ ၂၁ နံနက်ပိုင်းတွင် စတင်ပြီး မိတ္ထီလာဈေးပတ်လမ်း တစ်လမ်းမောင်းစနစ် ပြန်လည်အကောင်အထည်ဖော်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းခြင်းလုပ်ငန်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းအေး၊ မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများပါဝင်သည့်အဖွဲ့က အခြေခံကျကျ လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။ (၅၇၉)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁ - ၁၀ - ၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၆၁. ၀၀၀	၀. ၀၀၁၁၇
ထိုင်း (ဘတ်)	၃၀. ၇၈၉၉	၀. ၀၃၂၄၈
တရုတ် (ယွမ်)	၆. ၂၈၅၇၉	၀. ၁၅၉၀၉
အိန္ဒိယ(ရူပီး)	၅၂. ၄၀၀၁	၀. ၀၁၉၀၈
မလေးရှား (ရင်းဂစ်)	၃. ၀၆၁၀၇	၀. ၃၂၆၆၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၉၄၉	၀. ၈၁၃၃၄
ဂျပန် (ယန်း)	၇၇. ၉၉၁၉	၀. ၀၁၂၈၂
တောင်ကိုရီးယား(ဝမ်)	၁၁၁၄. ၅၈	၀. ၀၀၀၉၀
ယူရို	၀. ၇၇၆၃၂	၁. ၂၈၈၁၃
ဗြိတိသျှ (ပေါင်)	၀. ၆၁၉၈၁	၁. ၆၁၃၄၀

အင်တာနက်။

လျှပ်စစ်မီးအပြည့်အဝ အသုံးပြုနိုင်ရေး 315 KVA ထရန်စဖော်မာတပ်ဆင်

မြစ်ကြီးနား အောက်တိုဘာ ၁

လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ဒေသခံပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လျှပ်စစ်မီးအလုံအလောက် အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများ၊ ရပ်ကွက်နေပြည်သူများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၂ ရက်က မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက်အတွင်း 315 KVA ထရန်စဖော်မာတစ်လုံး တပ်ဆင်နိုင်ခဲ့ပြီး ကျွန်းပင်သာရပ်ကွက်အတွင်း နယ်မြေ (၈)မှ (၁၄)အထိ အိမ်ခြေ ၃၅၀ ကျော်အား လျှပ်စစ်မီးအလုံအလောက် ရရှိအောင် ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်သည်။ မိုးယံကျ(မြစ်ကြီးနား)

စက်မှုဇုန် ခုနစ်ခု ပြည်တွင်း၌ အသစ်တိုးချဲ့မည်

ရန်ကုန် အောက်တိုဘာ ၁

စက်မှုဇုန်အသစ် ခုနစ်ခုကို ပြည်တွင်း၌ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း စက်မှုဝန်ကြီးဌာနအသေးစားနှင့်အလတ်စားစက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အသစ်တိုးချဲ့မည့် စက်မှုဇုန်ခုနစ်ဇုန်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း တပ်ကုန်းစက်မှုဇုန်နှင့် ရတနာပုံစက်မှုဇုန်၊ ကရင်ပြည်နယ်တွင် ဘားအံစက်မှုဇုန်၊ မြဝတီစက်မှုဇုန်နှင့် ဘုရားသုံးဆူစက်မှုဇုန်၊ ရခိုင်ပြည်နယ်တွင် ပုဏ္ဏားကျွန်းစက်မှုဇုန်၊ ရှမ်းပြည်နယ်တွင် နမ့်အွန်စက်မှုဇုန်တို့ ဖြစ်ကြသည်။

ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကာ ယင်းကဲ့သို့ စက်မှုဇုန် ခုနစ်ခုကို တိုးချဲ့စီစဉ်ခြင်းဖြစ်ပြီး လက်ရှိပြည်တွင်းတွင် စက်မှုဇုန် ၁၈ ဇုန်ရှိနေရာမှ ထပ်မံတိုးချဲ့စီစဉ်သောစက်မှုဇုန် ခုနစ်ဇုန်အပါအဝင် စက်မှုဇုန်ပေါင်း ၂၅ ဇုန်အထိ ရှိလာမည်ဖြစ်သည်။ စက်မှုဇုန်များ တိုးချဲ့လာခြင်းနှင့်အတူ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်များလာမည်ဖြစ်ကြောင်း ဆက်လက်သိရသည်။ ထက်ခိုင်(စမ်းချောင်း)

ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့ ထားဝယ်မြို့၌ ကျင်းပ

ထားဝယ် အောက်တိုဘာ ၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့၌ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲတွင် ကြက်စားပြင်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ထားဝယ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာသိန်းဇော်မင်းက ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ပညာပေးဆွေးနွေးခြင်းနှင့် ခွေးများအား ခွေးရူးရောဂါ ကာကွယ်ဆေးများအခမဲ့ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

စက်တင်ဘာ ၁၇ ရက်တွင် ကွယ်လွန်သူ သမီးလေး မောနွေလကြာအိုင်လင်း၏ (၄)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မှော်ဘီမြို့နယ် မြောင်းတကာစံပြကျေးရွာ၌ ဖြိုးဂုဏ်ရောင်စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ရန်နှင့် အခမဲ့ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်နိုင်ရန်အတွက် အလှူရှင် i Love Myanmar ဒေါ်လီဗီဆပ်နိုင်ထန်းကိုယ်စား ဦးခွန်လျန်ထန်းက အလှူငွေကျပ် ၁၅ သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေးနှင့် ပရဟိတလူငယ်အဖွဲ့ဝင်များထံသို့ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့(၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးသည် မဖြစ်မနေလိုအပ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာတွင် ကျောသားရင်သားမခွဲခြားဘဲ ကိုယ်တိုင်ကလည်း တရားဥပဒေစိုးမိုးရေးကို စံနမူနာပြ စောင့်ထိန်းရန်လိုကြောင်း၊ တရားဥပဒေမဏ္ဍိုင်ကလည်း ဖြောင့်မတ်မှန်ကန်မည်၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများကလည်း ဥပဒေနှင့်အညီ ပြုမူကျင့်ကြံလုပ်ကိုင်ကြမည်ဆိုလျှင် တရားဥပဒေစိုးမိုးပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ စွမ်းရည်ပြည့်ဝ၊ နှလုံးလှသည့် ဂုဏ်ရောင်ဝင့်ထည် မြတ်နိုးဖွယ်ကောင်းလှသည့် ရဲတပ်ဖွဲ့ဝင်များအဖြစ် နိုင်ငံတော်၏တာဝန်ကို ဦးဆွေးဆံမြည့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်းဖြင့် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၄၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြောကြားသည်။(အပေါ်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စံပြရဲဆုရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ လ ၁၉၁၇၅၈ ရဲတပ်ကြပ်ကြီး လင်းနိုင်ဦးအား စံပြရဲစလွယ်နှင့် အဆင့်တံဆိပ်တပ်ဆင်ပေးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းတို့က ရဲကျင့်ဝတ်ဆု၊ လုပ်ငန်းတာဝန်ထမ်းဆောင်မှု ထူးချွန်သူတပ်ဖွဲ့ဝင်များအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ စေတနာရှင်ပြည်သူများက လှူဒါန်းသည့် ဂုဏ်ပြုအလှူငွေများကိုလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁

ရန်ကုန် - ပဲခူး - တောင်ငူ - မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၂၂/၁)နှင့် (၁၂၂/၂)အကြားရှိ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား အင်အားဖြည့် တည်ဆောက်ရန် ယာယီလမ်းလွှဲဘေလီတံတားတည်ဆောက်ပြီးစီးမှု၊ ရန်ကုန်-ပဲခူး-တောင်ငူ-မန္တလေး လမ်းတစ်လျှောက်လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ပဲခူးမြို့ရှောင်ကွင်းလမ်းအစရှိ လမ်းအူကြောင်း အခြေအနေနှင့် ပဲခူးတက္ကသိုလ် စုဝေးခန်းမ နှစ်ထပ်ဆောင်တစ်လုံးတည်ဆောက်နေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် စက်တင်ဘာ ၂၉ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့ ဘုရင့်နောင်တံတားသို့ ရောက်ရှိပြီး အမှတ်(၂) ဘုရင့်နောင်တံတားအသစ်လျာထားနေရာကို သေချာစွာ ရွေးချယ်သတ်မှတ်ရန်၊ တံတားဒီဇိုင်းပုံစံထုတ်ပြီး တိုင်းတာရမည့်အပိုင်း ကြိုတင်စီမံဆောင်ရွက်ထားရှိရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၃၉/၂၀၁၂)
၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
(၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၁/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	လေ ၂၁၉၅ ဗိုလ်မှူးထူးအောင်	(အစား)	လေ ၂၅၈၄ ဗိုလ်မှူးဇော်မင်းလတ်
(၂)	လေ ၂၁၈၄ ဗိုလ်မှူးအောင်မြတ်တိုး	(အစား)	လေ ၂၆၀၈ ဗိုလ်မှူးသန်းထိုက်

အမိန့်အရ

(ဝင်းကို)
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂-၁၀-၂၀၁၂ (အင်္ဂါနေ့)

၅း၄၀	"တရားဆောင်သူ စိတ်မပူ" တရားတော်(ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၈း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၂း၄၀	စန္ဒိမာပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား
၄း၄၀	မင်းဘူးမြို့မှ အလင်းလှူတဲ့ပွဲ
၅း၂၀	Minute to Win It
၆း၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "သမုဒ္ဒရာခြားသော်လည်း" (အပိုင်း-၄)
၇း၁၅	Myanmar Cooking Master (2nd Round) (Part-9)
၉း၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "တစ်စင်းတည်းသော လမင်း" (အပိုင်း-၁၅)
၁၀း၂၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုရောင်လက်ထပ်ခွင့်" (အပိုင်း-၅)
၁၀း၅၅	Sunday Talk (ရန်နိုင်သူ၊ မျိုးမြတ်သူ)

(၂၈၅) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၂၈၅)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ အောက်တိုဘာ ၁ ရက်နေ့ ထွက်ပေါ်လာသော ဆုကြီးများ စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အထူးဆုကြီးတစ်ဆုကျပ်သိန်း(၁၅၀၀)
ဃ-၈၈၀၅၄၆

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၁၀၀၀)
ဃ-၂၂၁၈၀၇

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၅၀၀)
ဠ-၂၇၀၆၅၂

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၃၀၀)ဆုများ
ဠ-၅၃၃၂၃၉
သ-၆၁၂၀၀၇

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ
ဏ-၄၀၆၇၃၇
ပ-၉၂၅၅၀၇
ဆ-၁၁၆၆၁၁
ရ-၂၀၈၃၉၉

ကျပ်သိန်း(၁၀၀)ယူနစ်(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

မ-၇၃၃၆၈၅	ဇ-၂၀၈၉၃၅
ဇ-၂၀၁၈၅၉	ဆ-၅၇၆၃၅၅
သ-၃၃၅၇၃၁	ဟ-၅၄၅၃၀၅
ဌ-၁၉၇၆၂၂	တ-၄၈၉၄၂၇
ခ-၁၅၁၄၃၈	တ-၅၄၉၇၄၉
ပ-၈၀၂၀၃၇	ဇ-၇၁၀၃၃၉
ဝ-၅၁၂၉၀၅	လ-၄၁၃၉၉၉
စ-၈၁၂၆၉၇	ည-၅၁၈၃၅၆
တ-၆၆၅၉၇၇	ဈ-၂၂၀၁၁၉

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်(၁၁၆)ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း လျာထားချက် အတည်ပြုခြင်း၊ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ အချက်အချာကျသော လေးထောင့်ကန်လမ်းမကြီး ဘီအိုစီလမ်းထိပ်မှစ၍ ဦးဘဟန်လမ်းမကြီးတစ်လျှောက်တွင် လမ်းများပျက်စီးယိုယွင်းနေပါသဖြင့် ပြုပြင်မွမ်းမံပေးရန် တိုက်တွန်းကြောင်းအဆိုကို မေးခွန်းအဖြစ် ပြောင်းလဲသတ်မှတ်ခြင်း၊ အစိုးရအမှုထမ်းများ၊ အခြေခံလူတန်းစားများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် သင့်လျော်သော မြေနေရာများ ရှာဖွေဖော်ထုတ်ပြီး အစိုးရအဖွဲ့ဦးဆောင်လျက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ တန်ဖိုးနည်းစုပေါင်းအိမ်ရာ စီမံကိန်းအရှိန်အဟုန်မြှင့် ဖော်ဆောင်ပေးရေးအဆိုကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အဆောင်အယောင် (Facilities) အပြည့်ပေး၍ စွမ်းရည်မြှင့်တင်ပေးသင့်ကြောင်း အဆိုကို မှတ်တမ်းတင်ခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်းရှိ ကျူးကျော်ဆောက်လုပ်နေထိုင်သည့် တဲအိမ်များကို ပြဿနာဖြေရှင်းနိုင်ရေးအတွက် ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း အဆိုကို ဥပဒေပြုရေးကော်မတီက လေ့လာစိစစ်၍ လွှတ်တော်သို့ပြန်လည်တင်ပြရန် ကြေညာခြင်းများဆောင်ရွက်ကြပြီး အစည်းအဝေးကို ညနေ ၄ နာရီတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ကျန်းမာရေးဦးစီးဌာနမှ ဆေးနှင့် ဆေးပစ္စည်း သိုလှောင်ဖြန့်ဖြူးမှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်နှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲတွင် အထက်မြန်မာပြည် ဗဟိုဆေးသိုလှောင်ရေးဌာနသို့ သွားရောက်၍ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများ၊ ချင်း၊ ကချင်နှင့် ရှမ်းပြည်နယ်များအတွက် ဆေးနှင့်ဆေးပစ္စည်းများ သိုလှောင်ဖြန့်ဖြူး ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပ

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့(၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညဏ်ဝင်း တက်ရောက်အဖွင့်မိန့်ခွန်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားကာ ဆုရရဲတပ်ဖွဲ့ဝင်များအားဆုချီးမြှင့်သည်။ (၅၈၈)

တနင်္သာရီတိုင်းဒေသကြီး

(၄၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်တွင် စက်တင်ဘာ ၂၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၂၅ ဦး၊ မိသားစု ၁၇ ဦး စုစုပေါင်း ၄၂ ဦးတို့သည် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းဦးဆောင်၍ (၄၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်သည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက သွေးလှူဒါန်းကြသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အာဟာရဖြစ်အစားအစာများနှင့် ဆေးဝါးများပေးအပ်သည်။ (၄၇၃)

နေပြည်တော်

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားကို နေပြည်တော် ဥတ္တရသီရိဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ် Lake View Holl တွင် အောက်တိုဘာ ၁ ရက်တွင် ကျင်းပရာ နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်အောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားပြီး မြန်မာနိုင်ငံရဲချုပ်က ပေးအပ်သည့် အမှုထမ်းကောင်းလက်မှတ်နှင့် ဆုငွေများ၊ ထူးချွန်ဆုများကို ဆုရတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့များကို ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သူများအား ပေးအပ်သည်။ (ကြေးမုံ)

မြဝတီ

(၄၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်တွင် မြဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ကျော်ကျော်ထွန်းပေးပို့သော သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြင့်က ဖတ်ကြားသည်။ ဆက်လက်၍ ဆုရတပ်ဖွဲ့ဝင်များနှင့် ရဲလုပ်ငန်းတွင် စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူများအား ဆုများချီးမြှင့်သည်။ (၅၇၀)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နိုင်ငံတကာသတင်း

ဟားမားစ်အစိုးရအုပ်ချုပ်သော ဂါဇာဒေသ၌ ကာတာနိုင်ငံမှ သံတမန်ဆိုင်ရာရုံးဖွင့်

ဂါဇာစီးတီး အောက်တိုဘာ ၁

ဂါဇာဒေသရှိ ဂါဇာမြို့တွင် ဟားမားစ်အစိုးရနှင့် ဆက်ဆံရေးမြှင့်တင်ရန်အတွက် ကာတာနိုင်ငံက သံတမန်ဆိုင်ရာရုံးဖွင့်လှစ်လိုက်ကြောင်း အောက်တိုဘာ ၁ ရက် သတင်းများ၌ ဖော်ပြသည်။

ဟားမား၏ အစ္စလာမ္မစ်လက်နက်ကိုင်အုပ်စုက ယင်းဒေသ၌ အုပ်ချုပ်ရေးအာဏာ ငါးနှစ်ကြာ ရယူချိန်နောက်ပိုင်းတွင် ပင်လယ်ကွေ့ဒေသနိုင်ငံများထံမှ ကာတာနိုင်ငံကပထမဆုံးအဖြစ် ဂါဇာစီးတီးတွင် သံတမန်ဆိုင်ရာ ရုံးဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယင်းသံတမန်ဆိုင်ရာရုံးသည် တရားဝင်သံရုံးမဟုတ်ကြောင်း ကာတာတာဝန်ရှိသူများက ပြောကြားသည်။ ယင်းသံတမန်ဆိုင်ရာရုံးသည် ကာတာနိုင်ငံက သန်းရာချီသော အမေရိကန်ဒေါ်လာဖြင့် မတည်ပေးထားသောဂါဇာဒေသ ဖွံ့ဖြိုးရေးစီမံချက်များကို ကြီးကြပ်ရန်သာဖြစ်သည်ဟု ဆိုသည်။

သို့သော်ငြားလည်း ဂါဇာဒေသတွင် ကာတာနိုင်ငံမှ သံအမတ်ကြီးအဆင့်ထားရှိရန် ဦးတည်လုပ်ဆောင်ခဲ့ခြင်းသည် ဟားမားစ်အဖွဲ့အား တရားဝင်အဖွဲ့အစည်းအဖြစ်ပြသမည့်အရေးပါသော အမှတ်အသားဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ဂါဇာဒေသ၌ အာဏာရယူခဲ့သော ဟားမားစ်အဖွဲ့ကို နိုင်ငံတကာမှ တရားဝင်အဖြစ် အသိအမှတ်ပြုမှုမရှိခဲ့ပေ။

ဟားမားစ်အဖွဲ့၏ပြိုင်ဘက် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် အနောက်ဘက်ကမ်းဒေသတွင် နေထိုင်သူဖြစ်ပြီး ၎င်းသည် နိုင်ငံတကာမှ တရားဝင် ပါလက်စတိုင်းခေါင်းဆောင်အဖြစ် ရှုမြင်ခံရသူဖြစ်သည်။

အဘတ်စ်သည် ကာတာနိုင်ငံနှင့် ကာလကြာရှည်စွာတင်းမာသော ဆက်ဆံရေးရှိသူဖြစ်ပြီး ကာတာအခြေစိုက် အယ်လ်ဂျာ ဇီးယားရုပ်မြင်သံကြားဌာနမှ ပါလက်စတိုင်းခေါင်းဆောင်အား ဝေဖန်ထုတ်လွှင့်မှုများ မကြာခဏ ပြုလေ့ရှိသည်။

ကာတာနိုင်ငံသည် ဟားမားစ်ခေါင်းဆောင်များအား မကြာခဏ ဝင်ထွက်ခွင့်ပြုခဲ့သည်။ **ပီတီအိုင်။**

ဆောင်းဦးပေါက်ရာသီ လမုန့်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆောင်းဦးပေါက်ရာသီ လမုန့်ပွဲတော်ကာလ လမ်းပန်းဆက်သွယ်မှုချောမွေ့ရန်အစိုးရကြိုးပမ်း

ပေကျင်း အောက်တိုဘာ ၁

ဆောင်းဦးပေါက်ရာသီ လမုန့်ပွဲတော်ကိုဆင်နွှဲရန် ရေခြားမြေခြားရောက် ဆွေမျိုးသားချင်းများ နေအိမ်များသို့ ရထား၊ ကားနှင့် လေယာဉ်များဖြင့် ပြန်လာလျက်ရှိကြရာ လမ်းပန်းဆက်သွယ်ရေးချောမွေ့စေရန် အစိုးရအဖွဲ့က အပြင်းအထန် ကြိုးပမ်းနေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်နိုင်ငံ၌ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကာလကို ဆောင်းဦးပေါက်ရာသီ လမုန့်ပွဲတော်အဖြစ် သတ်မှတ်ထားပြီး အမျိုးသားအားလပ်ရက်များဖြစ်သည်။

ဆောင်းဦးပေါက်ရာသီ လမုန့်ပွဲတော်၏ ပထမနေ့တွင် နိုင်ငံတစ်ဝန်းရှိ အဝေးပြေးလမ်းများပေါ်တွင် ခရီးသည် ၈၅ သန်းခန့်အထိရှိနေပြီး ယာဉ်ကြောပိတ်ဆို့မှု ပြဿနာကြီးမားစွာဖြစ်ပေါ်ရသည်။ အဝေးပြေးလမ်းများပေါ်တွင် မော်တော်ကားများ ချောချောမွေ့မွေ့သွားလာနိုင်စေရန် ရဟတ်ယာဉ်များက လိုအပ်သလိုလမ်းညွှန်ပေးလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်နိုင်ငံ၌ နှစ်သစ်ကူးပွဲတော်ကာလနှင့် ဆောင်းဦးပေါက်ရာသီ လမုန့်ပွဲတော်တို့တွင် ခရီးသွားလာသူများဖြင့် ပျားပန်းခတ်လျက်ရှိတတ်သည်။ မြို့ကြီးများ၌ အလုပ်လုပ်ကိုင်ကြသူများသည် ပွဲတော်ကာလ ဆွေမျိုးသားချင်းများနှင့်ဆုံစည်းရန် ဇာတိရပ်မြေကျေးလက်ဒေသများသို့ ပြန်လာကြသည်။ **ဆင်ဟွာ။**

ရာဇဝတ်မှုကာကွယ်ရေးအတွက် အများပြည်သူသုံးဘတ်စ်ကားများ၌ ဟွန်ဒူးရပ်စ်လက်နက်ကိုင်တပ်ဖွဲ့ဝင်များ လုံခြုံရေးလိုက်ပါပေးရ

တီဂူစီဂယ်လ်ပါ အောက်တိုဘာ ၁

ရာဇဝတ်မှုဖြစ်ပွားနှုန်းမြင့်တက်လာမှု လျှော့ချရေး အစီအစဉ်တစ်စိတ်တစ်ပိုင်းအရ အများပြည်သူသုံး ဘတ်စ်ကားများကို လုံခြုံရေးအရ အကာအကွယ်ပေးနိုင်ရန် ဟွန်ဒူးရပ်စ်အစိုးရသည် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ စတင်စေလွှတ်ဖြန့်ကြက်ထားကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဟွန်ဒူးရပ်စ်နိုင်ငံ မြို့တော်တီဂူစီဂယ်လ်ပါနှင့် ဒုတိယမြို့တော် ဆန်ပက်ဒရိုဆူလာတို့၌ ပြေးဆွဲနေသော ဘတ်စ်ကားများအတွက် တစ်စီးလျှင် ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင် နှစ်ဦးကျစီ လုံခြုံရေးလိုက်ပါမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးခြင်းဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ရာဇဝတ်မှု ထူပြောရာရပ်ကွက်များ၌ လမ်းပေါ် ကင်းလှည့်တာဝန်များကို လွတ်လွတ်လပ်လပ်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း ဟွန်ဒူးရပ်စ်သမ္မတ ပေါ်ဖီရီယိုလိုဘိုက ပြောကြားခဲ့သည်။

ဟွန်ဒူးရပ်စ်နိုင်ငံရှိ အများပြည်သူသုံးဘတ်စ်ကားများသည် ရာဇဝတ်ဂိုဏ်းများ၏ တိုက်ခိုက်မှုကို မကြာခဏခံရတတ်ပြီး ခရီးသည်များအား ရိုက်နှက်ခြင်း၊ ယာဉ်မောင်းများထံမှ ဆက်ကြေးကောက်ခြင်းတို့ကို ရာဇဝတ်ဂိုဏ်းဝင်များက လုပ်ဆောင်တတ်ကြသည်။

ရာဇဝတ်မှုများထူပြောခြင်း၊ လုံခြုံရေးအခြေအနေကို ရဲတပ်ဖွဲ့တစ်ခုတည်းဖြင့် နိုင်နိုင်နင်းနင်း မထိန်းသိမ်းနိုင်ခြင်းတို့ကြောင့် ဟွန်ဒူးရပ်စ်အစိုးရသည် မြို့တော်ကြီးများအတွင်း လွန်ခဲ့သောနှစ်မှစ၍ စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင်များ စေလွှတ်ဖြန့်ကြက်ခဲ့ရသည်။ ကုလသမဂ္ဂစာရင်းဇယားများအရ ဟွန်ဒူးရပ်စ်နိုင်ငံသည် ကမ္ဘာပေါ်၌ လူသတ်မှုအများဆုံးဖြစ်ပေါ်သည့် နိုင်ငံဖြစ်ပြီး ယင်းလူသတ်မှု အများစုမှာ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ဖောက်ကားမှုများနှင့် ဆက်နွှယ်နေလေ့ရှိသည်။ **အင်တာနက်။**

အများပြည်သူသုံး ဘတ်စ်ကားတစ်စီးပေါ်တွင် လုံခြုံရေးလိုက်ပါနေသော ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်တစ်ဦး။

ကိုယ့်ကိုယ်ကိုယ်သတ်သေမှုတိုက်ရိုက်ထုတ်လွှင့်ခဲ့မိသဖြင့် ဖောက်နျူး(စ်)ရုပ်မြင်သံကြားဌာနက တောင်းပန်

ဝါရှင်တန် အောက်တိုဘာ ၁

အမေရိကန်ပြည်ထောင်စုတွင် လူတစ်ဦး ကိုယ့်ကိုယ်ကိုယ်သေနတ်ဖြင့် ပစ်၍ သတ်သေသည့်သတင်းကို ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသခဲ့မိသောကြောင့် ဖောက်နျူး(စ်)(Fox News) သတင်းဌာနက တောင်းပန်ကြောင်း စက်တင်ဘာ ၂၉ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အရှိန်ပြင်းစွာမောင်းနေသော ကားတစ်စီးနောက်သို့ အာရီဇိုးနားပြည်နယ်၊ ဖီးနစ်မှစတင်၍ ရဟတ်ယာဉ်ဖြင့် လိုက်ရိုက်ကာ ဖောက်နျူး(စ်)က ရုပ်သံမှ တိုက်ရိုက် ထုတ်လွှင့်ခဲ့သည်။

ကားမောင်းသူသည်သဲကန္တာရအတွင်းသို့ မိုင်ပေါင်းဒါဇင်နှင့်ချီ၍ မောင်းသွားပြီး မြေလမ်းတစ်ခုသို့အရောက်တွင်ယင်းလမ်းအတိုင်းချိုးဝင်သွားကာ ကားကိုရပ်လိုက်သည်။ ယင်းနောက်သေနတ်တစ်လက်ကို ထုတ်ကာသူ၏ဦးခေါင်းမေ့ပြီး မောင်းခလုတ်ဖြုတ်ခဲ့သည်။

တီဗွီရိုက်ကူးသူရှိုးပတ်စမစ်က တည်းဖြတ်ခြင်းမပြုဘဲ ထုတ်လွှင့်ခဲ့သည့်အတွက် တီဗွီကြည့်ပရိသတ်များကို တောင်းပန်ခဲ့သည်။

ဖီးနစ်ရဲတပ်ဖွဲ့က ၎င်းတို့သည် ကားခိုးမှု ဖြစ်ပွားကြောင်း သတင်းရကတည်းက ယင်းကားနောက်သို့ စတင်လိုက်ခဲ့သည်ဟု ဆိုသည်။

ဒေသစံတော်ချိန် နံနက်၁၁နာရီမထိုးမီ အချိန်တွင် စားသောက်ဆိုင်တစ်ဆိုင်၏ ရှေ့၌ ကားသူခိုးဟုစွပ်စွဲခံထားရသူက စုံတွဲတစ်တွဲကို သေနတ်ဖြင့်ချိန်၍ ၎င်းတို့ထံမှ ကားကိုယူသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရဲတပ်ကြပ်ကြီး တွန်မီတွန်ဆင်ကပြောသည်။

ရဲများက ခိုးသွားသောကားကိုတွေ့ပြီး နောက်မှ ထက်ကြပ်မကွာလိုက်ခဲ့သည်။ ကားသူခိုးဆိုသူက ရဲကားကိုသေနတ်ဖြင့် နောက်ပြန်ပစ်ခဲ့သော်လည်း ရဲတပ်ဖွဲ့ဝင် တစ်ဦးမျှဒဏ်ရာမရရှိခဲ့ဟုဆိုသည်။

ဖောက်နျူး(စ်) သတင်းဌာနအမှုဆောင်ဒုတိယဥက္ကဋ္ဌ မိုက်ကယ်လ်ကလီးမင်က ဤကဲ့သို့သောဖြစ်ရပ်များကို ရှောင်လွှဲနိုင်ရန်အတွက် ရဟတ်ယာဉ်ပေါ်မှရိုက်ကူးပေးပို့သော ရုပ်ပုံများကို ဖော်ပြရာတွင် ငါးစက္ကန့်နောက်ကျထုတ်လွှင့်ခြင်းအားဖြင့် ကြိုတင်ပြင်ဆင်မှု အစဉ်လုပ်ဆောင်ကြောင်း ပြောကြားသည်။

သို့သော် ကံဆိုးစွာဖြင့် အမှားများ ကျူးလွန်မိကြသဖြင့် တီဗွီဖန်သားပြင်ပေါ်တွင် အဆိုပါဖြစ်စဉ်မြင်တွေ့လိုက်ကြသူများကို အနူးအညွတ်တောင်းပန်ပါကြောင်း မိုက်ကယ်လ်ကထပ်မံပြောကြားခဲ့သည်။ **အင်တာနက်။**

ဂျပန်နိုင်ငံတွင်အင်အားပြင်းတိုင်ဖွန်းတိုက်ခတ် လူနှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရ

တိုကျို အောက်တိုဘာ ၁

အင်အားပြင်းထန်သော တိုင်ဖွန်းမုန်တိုင်း ဂျီလာဝပ်တိုက်ခတ်မှုကြောင့် ဂျပန်နိုင်ငံတွင် လူနှစ်ဦးသေဆုံးပြီး ၁၈၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အောက်တိုဘာ ၁ ရက် သတင်းများတွင်ဖော်ပြသည်။

အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းသည် စက်တင်ဘာ ၃၀ ရက်တွင် ဂျပန်နိုင်ငံကို ဖြတ်သန်းတိုက်ခတ်ပြီးနောက် အောက်တိုဘာ ၁ ရက်တွင် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ဝင်ရောက်သွားခဲ့ပြီဖြစ်ကြောင်း ဂျပန်မိုးလေဝသဌာနနှင့် ဒေသခံသတင်းဌာနများက ဖော်ပြသည်။

ယင်းတိုင်ဖွန်းမုန်တိုင်းသည် ဂျပန်နိုင်ငံ အရှေ့ပိုင်း ဟော့ကိုင်းဒိုးကျွန်း နီပူရာမြို့၏ အရှေ့မြောက်ဘက် ပစိဖိတ်သမုဒ္ဒရာတွင် တည်ရှိနေပြီး ယင်း၏လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၂၆ ကီလိုမီတာကျော် (၇၈မိုင်)ခန့်ရှိကြောင်း ဂျပန်မိုးလေဝသဌာနက ပြောကြားသည်။

ဂျပန်နိုင်ငံအလယ်ပိုင်း မီစီရင်စုတွင် အသက် ၅၆ နှစ်အရွယ် အမျိုးသားတစ်ဦး စက်တင်ဘာ ၃၀ ရက်တွင် ပျောက်ဆုံးနေပြီး ၎င်းမှာ ရေနစ်ခဲ့သည်ဟု အတည်ပြုခဲ့ကြောင်း ယင်းဒေသမှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းတွင် စက်တင်ဘာ ၃၀ ရက်က အသက် ၂၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှာ တိုင်ဖုန်းဂျီလာဝပ် တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသည့် မြင့်မားသောလှိုင်းလုံးများရိုက်ခတ်မှုကြောင့် သေဆုံးခဲ့ရကြောင်း အန်အိတ်ချ်ကေသတင်းဌာနက ဖော်ပြသည်။

တိုင်ဖုန်းဂျီလာဝပ် တိုက်ခတ်မှုနှင့် ဆက်နွှယ်သောဖြစ်ရပ်များကြောင့် ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် ထိခိုက်ဒဏ်ရာရသူ ၁၈၁ ဦးရှိကြောင်း အင်န်အိပ်ချ်ကေ၏ ထုတ်ပြန်ချက်တစ်ရပ်တွင်ဖော်ပြသည်။

ယင်းတိုင်ဖွန်းမုန်တိုင်းသည်အောက်တိုဘာ၁ရက်နှောင်းပိုင်းအင်အားလျော့နည်းကာ အပူပိုင်း လေဖိအားနည်းရပ်ဝန်းဖြစ်လာမည်ဟုမျှော်လင့်ရသော်လည်းဟော့ကိုင်းဒိုးကျွန်းတွင် အခြားလေပြင်းတိုက်ခတ်မှုများနှင့် လှိုင်းထန်မှုများဖြစ်နိုင်ကြောင်း ဂျပန်မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံ အနောက်ပိုင်းဒေသတွင် စက်တင်ဘာ ၃၀ ရက်က လေကြောင်းခရီးစဉ် ၅၀၀ ကျော်ကို ဖျက်သိမ်းခဲ့ပြီး နိုင်ငံတစ်ဝန်းလုံးရှိ ကျည်ဆန်ရထားခရီးစဉ်အချို့ကိုလည်း ရပ်ဆိုင်းထားခဲ့ကြောင်း သတင်းများ၌ ဖော်ပြသည်။ **အေပီ။**

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် မုန်တိုင်းတိုက်ခတ်အပြီး တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ တာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များ။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၂၀၀၀ ပြည့်ပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၁

အာဖဂန်နစ္စတန်အရှေ့ပိုင်းရှိ စစ်ဆေးရေးစခန်းတစ်ခုကို အတွင်းစည်းအတွင်းမှဟု သံသယရှိရသူများက တိုက်ခိုက်ပြီးသည့်နောက် အာဖဂန်စစ်မြေပြင်၌ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးသောအရေအတွက်မှာ ၂၀၀၀ပြည့်သွားပြီဖြစ်ကြောင်း စက်တင်ဘာ ၃၀ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး၊ နိုင်ငံခြားသား ကန်ထရိုက်တာတစ်ဦးနှင့် အာဖဂန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။

သေဆုံးသူ ကန်ထရိုက်တာမှာ မည်သည့်နိုင်ငံသားဖြစ်သည်ကိုမူ ချက်ချင်းမသိရသေးပေ။

ယခုနှစ်၌ နိုင်ငံစုံတပ်ဖွဲ့ဝင်များအား ရန်လိုသောအုပ်စုများ၏ တိုက်ခိုက်မှုမှာ သိသာစွာများပြားလာလျက်ရှိသဖြင့် နိုင်ငံစုံတပ်ဖွဲ့များသည် အာဖဂန်တပ်ဖွဲ့များနှင့် ပူးတွဲစစ်ဆင်ရေးကို ယခုလ၌ရပ်ဆိုင်းခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးခဲ့ရသည့် နောက်ဆုံးဖြစ်စဉ်မှာ ဝါဒက်ပြည်နယ်အတွင်း စနေနေ့ကဖြစ်ခဲ့သည်ဟုနေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။

အာဖဂန်တာဝန်ရှိသူများအဆိုအရ ဆာရဲဒါဗက်ခရိုင်ရှိ အာဖဂန်အမျိုးသားကြည်းတပ်စခန်းအနီးမှ စစ်ဆင်ရေးစခန်းအနီးတွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦးသည် ၎င်း၏သေနတ်ကို အမေရိကန်တပ်ဖွဲ့ဝင်များဘက်သို့ ချိန်၍ပစ်ခတ်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ **အင်တာနက်။**

အာရှမှ စစ်မီးထတောက်နိုင်သည့် အန္တရာယ်ဒေသများ

ရဲတင့်

(ယမန်နေ့မှအဆက်)

မြောက်ကိုရီးယားတွင် ပြည်တွင်းစစ်ဖြစ်ပွားလာပါက အိမ်နီးချင်းနိုင်ငံများက မည်ကဲ့သို့ တုံ့ပြန်မည်ဟူသော အချက်မှာ အလွန်အရေးပါသည်။ ခြောက်နိုင်ငံ ဆွေးနွေးပွဲများကြောင့် ပြင်ပငါးနိုင်ငံတွင် မြောက်ကိုရီးယား ပြည်တွင်းတည်ငြိမ်ရေး၊ နျူကလီးယားအန္တရာယ် ကာကွယ်တားဆီးရေးတို့ကို ထိန်းသိမ်းရန် နားလည်မှုရရှိပြီး အမြင်ချင်းတူညီကြသည်။ ထို့ကြောင့် တိုင်းပြည်ပြိုကွဲလာမည့် အရေးကြုံလျှင် အခြေအနေကို ဝိုင်းဝန်းထိန်းသိမ်းရန် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ ထည့်သွင်းစဉ်းစားအပ်သည့် အခြေအနေတစ်ရပ် ပေါ်ပေါက်နိုင်သေးသည်။ မြောက်ကိုရီးယားအတွင်း ပျက်စီးပြိုကွဲခြင်းကြောင့် တစ်ချိန်က လက်လွှတ်ခဲ့ရသည့် အခွင့်အလမ်းကို ပြန်လည်အသုံးချမှုများ ဖြစ်ပေါ်လာနိုင်သည်။ ယင်းသို့ အသုံးချနိုင်သည့်နိုင်ငံမှာ တရုတ်ဖြစ်လိမ့်မည်ဟု ဝေဖန်သုံးသပ်သူများရှိသည်။ ကွင်မင်းဆက်လက်ထက်တွင် ကိုရီးယားသည် တရုတ်ဧကရာဇ်အား လက်ဆောင်ပဏ္ဏာဆက်သရသည့် လက်အောက်ခံဖြစ်ခဲ့သည်။ တိဗက်ကဲ့သို့ ကြားခံပြည်နယ်ဖြစ်ခဲ့သည်။ ထို့ကြောင့် တရုတ်ခေါင်းဆောင်ပိုင်းသည် ကိုရီးယားအား ၎င်းတို့၏ သမိုင်းဝင်လက်အောက်ခံနယ်မြေဖြစ်အောင် ပြန်လည်ကြိုးစားနိုင်သည်။ အခြားရွေးချယ်နိုင်သည့် နည်းလမ်းတစ်ရပ်မှာ ၎င်းတို့အတွက် အကျိုးရှိမည့် ပြန်လည်ပေါင်းစည်းညီညွတ်ရေးကို ဖန်တီးခြင်းဖြစ်သည်။

တောင်ကိုရီးယားက မြောက်ပိုင်းကို သိမ်းယူပြီးနောက် အမေရိကန်စစ်တပ်များ ရုပ်သိမ်းပေးလျှင် ကိုရီးယား၏ တိုးတက်ကြီးထွားလျက်ရှိသော ကုန်သွယ်ရေးကို တရုတ်ဘက်သို့ အလေးပေးပြီး ပိုမိုမြှင့်တင်ပေးလျှင် တရုတ်သည် လိုလိုလားလား လက်ခံမည်ဖြစ်သည်။ ဤသို့ဖြစ်လာလျှင် တရုတ်ဘက်မှ အကူအညီ၊ အထောက်အပံ့များစွာ စီးဝင်လာနိုင်သည်။ သို့သော် ပြန်လည်ပေါင်းစည်းလိုက်သော ကိုရီးယားနိုင်ငံသည် တရုတ်အလိုကျ မဆောင်ရွက်လျှင် အန္တရာယ်များမည့် အခြေအနေလည်း ပေါ်ပေါက်နိုင်သည်။ တစ်ခုတည်းသော ကိုရီးယားနိုင်ငံသည် နျူကလီးယားလက်နက်များကို ဆက်လက်ကိုင်ဆောင်ထားပြီး တရုတ်ဆန့်ကျင်ရေးအတွက် အိန္ဒိယနိုင်ငံက ယနေ့ကျင့်သုံးလျက်ရှိသကဲ့သို့ အမေရိကန် အကျိုးစီးပွားဘက်မှ လုံးလုံးရပ်တည်သွားမည်ဆိုလျှင် မြောက်ကိုရီးယားအား သီးခြားနိုင်ငံဖြစ်အောင် ကြိုးပမ်းအားထုတ်မှုများ ပေါ်ပေါက်လာနိုင်သည်။ ဤသို့ ကြိုးပမ်းရာမှ တည်ငြိမ်မှုမရှိဘဲ အခြေအနေပိုမိုရှုပ်ထွေးလာလျှင် တရုတ်စစ်တပ်များသည် 'ငြိမ်ဝပ်ပိပြားမှုရှိစေရန်' ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်နိုင်ခြေရှိသည်။

မြောက်ကိုရီးယား ပြိုကွဲပျက်စီးခြင်းသည် တောင်ကိုရီးယားအတွက် ခေါင်းခဲစရာကြီးဖြစ်လာမည်။ အုပ်စုချင်းတိုက်ခိုက်မှုများကြောင့် ဒုက္ခသည်များစွာ ဝင်ရောက်လာနိုင်သည်။ နိုင်ငံပြန်လည်ပေါင်းစည်းရေး ကုန်ကျစရိတ်များ အကြီးအကျယ်တက်လာမည်။ သို့သော် ဤအခြေအနေမှာ အခွင့်ကောင်းတစ်ရပ်လည်းဖြစ်သည်။ ထိုအချိန်တွင် မည်သူသည် သမ္မတဖြစ်ဖြစ် ထိုပုဂ္ဂိုလ်သည် နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးကို တွန်းအားပေးရတော့မည်ဖြစ်သည်။ တရုတ်သည် နိုင်ငံပြန်လည်ပေါင်းစည်းရေး လှုပ်ရှားမှုမှန်သမျှ ဆန့်ကျင်ပြီး စစ်သားများကို နယ်ခြားဖြတ်ကျော်၍ စေလွှတ်မည်ဖြစ်ရာ တောင်ကိုရီးယားသမ္မတတစ်ဦးအနေဖြင့် မိမိတို့၏ နိုင်ငံတစ်ဝက်အား တရုတ်လက်ထဲ ပေးအပ်ရမည့်အရေးကို လက်ပိုက်ကြည့်နေနိုင်ပါမည်လော။ မကြာသေးမီနှစ်များအတွင်းက မြောက်ကိုရီးယားနိုင်ငံအတွင်း တရုတ်ကုမ္ပဏီပေါင်း ၁၅၀ ကျော် အခြေချဝင်ရောက်လုပ်ကိုင်နေသည့်အတွက် တောင်ကိုရီးယားလူထု တော်တော်များများက စိတ်မအေးဖြစ်နေကြသည်။ ထို့ပြင် တရုတ်က လမ်းများစွာကိုလည်း ဖောက်လုပ်ပေးခဲ့ရာ မြောက်ကိုရီးယားကို တရုတ်က ၎င်း၏ ပြည်နယ်သစ်တစ်ခုအဖြစ်

မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့ ကင်အီလ်ဆွန်း ရင်ပြင်၌ ၂၀၁၂ ခုနှစ် ဧပြီ ၁၅ ရက်တွင် ကျင်းပသော စစ်ရေးပြအခမ်းအနားတစ်ရပ်၌ မြောက်ကိုရီးယား စစ်ဘက်အရာရှိကြီးများကို တွေ့ရစဉ်။

သိမ်းသွင်းရန် ခြေလှမ်းပြင်နေပြီလောဟုလည်း စိုးရိမ်မကင်းဖြစ်နေကြသည်။

ရုရှား၏နယ်စပ်သည် မြောက်ကိုရီးယားနှင့် ခပ်ကျဉ်းကျဉ်းသာရှိသည်။ ယခင် ဆိုဗီယက်၏ မဟာမိတ်ဟောင်း မြောက်ကိုရီးယားနှင့် ရုရှားဆက်ဆံရေးမှာ ၁၉၆၀ ပြည့်နှစ်များကတည်းက ရင်းရင်းနှီးနှီးမရှိခဲ့ပေ။ ထို့ကြောင့် မြောက်ကိုရီးယား အရေးအခင်းတွင် ရုရှားအနေဖြင့် ပါဝင်ပတ်သက်ဖွယ်ရာ အထူးအကြောင်းမရှိချေ။ ဂျပန်ကတော့ အလွန်အမင်း စိတ်ပူသည်။ ကိုရီးယားသည် လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကတည်းက ဂျပန်နှင့် သင့်မြတ်မှုမရှိခဲ့သော နိုင်ငံဖြစ်၏။ ကိုရီးယားကျွန်းဆွယ်တွင် တရုတ်တို့ မင်းမူလာမည်ကို ဂျပန်က မနှစ်မြို့ပေ။ ဂျပန်နိုင်ငံတွင် ကိုရီးယားမျိုးနွယ် နိုင်ငံသား ခြောက်သိန်းနေထိုင်လျက်ရှိသည်။ အများစုမှာ မြောက်ကိုရီးယား နွယ်ဖွားများဖြစ်သည်။ ဂျပန်မြေပေါ်တွင် ကိုရီးယားလူမျိုးချင်း ဆူပူသောင်းကျန်းလာပြီး မငြိမ်မသက်ဖြစ်အောင် ဖန်တီးလာမည်ကို ဂျပန်က အထူးစိုးရိမ်သည်။ အထူးသဖြင့် မြောက်ကိုရီးယားထောက်လှမ်းရေးများ၊ သူလျှိုများ ဂျပန်နိုင်ငံအတွင်း အဖျက်အမှောင့်လုပ်ရပ်များ ဖန်တီးမည်ကို စိုးရိမ်ပူပန်သည်။ သို့ရာတွင် ကိုလိုနီနယ်ချဲ့ဖြစ်ခဲ့သော ဂျပန်က မြောက်ကိုရီးယားရော တောင်ကိုရီးယားကပါ ငွေကြေးအထောက်အပံ့မှတစ်ပါး ဂျပန်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်ခြင်းကို လက်ခံမည်မဟုတ်ကြောင်း ကောင်းစွာနားလည်သဘောပေါက်သည်။

ဤတွင် အမေရိကန်၏အခန်းကဏ္ဍပါလာသည်။ တောင်ကိုရီးယားတွင် အမေရိကန်စစ်သား ၄၀၀၀၀ နီးပါးရှိသည်။ အိုကီနာဝါနှင့် မလှမ်းမကမ်းတွင် မရိန်းတပ်ဖွဲ့အများအပြား တပ်စွဲထားသည်။ လက်ရှိအခြေအနေအတိုင်း အပြောင်းအလဲမရှိလျှင် ၂၀၀၉ နောက်ပိုင်းတွင် တောင်ကိုရီးယားရှိ အမေရိကန်စစ်သားအင်အားကို ၂၅၀၀၀ အထိ လျှော့ချမည်။ ဆိုးလ်မြို့လယ်မှ အမေရိကန်စစ်စခန်းကို မြို့တော်တောင်ပိုင်းသို့ ပြောင်းရွှေ့မည်။ မြောက်ကိုရီးယား ဖရိုဖရဲပြိုကွဲလျှင် အမေရိကန်အတွက်လည်း မတည်မငြိမ်ဖြစ်မည်။ ဤအရေးအခင်းတွင် တောင်ကိုရီးယားအား ဦးဆောင်မှုရစေရန် ကူညီအားပေးရမည်ဟု အမေရိကန်က နားလည်သည်။ ဤသို့ကူညီရမည်ဆိုလျှင် ကိုရီးယားစစ်ပွဲကဲ့သို့ ကုလသမဂ္ဂ၏ ထောက်ခံမှုရရှိအောင် ကြိုးစားရမည်။ မိမိတစ်နိုင်ငံတည်း တစ်ဖက်သတ်လုပ်၍မရ။ သို့သော် ဤစစ်ပွဲတွင် နျူကလီးယားလက်နက်များ၊ ဒုံးပျံများ ပါဝင်လာမည်။ တရုတ်၏ မဟာဗျူဟာရည်မှန်းချက်များကို ထည့်သွင်း စဉ်းစားရတော့မည်။

အထက်ပါ တင်ပြချက်အားလုံးမှာ ဖြစ်နိုင်ခြေများကို စုစည်းအခြေခံထားသည့် မှန်းဆချက်များသာ ဖြစ်သည်။ သို့ရာတွင် ဤမှန်းဆချက်များအတိုင်း နောက်ဆုံးတစ်နေ့တွင် နာရီပိုင်းအတွင်း၊ ရက်ပိုင်းအတွင်း၊ ရက်သတ္တတစ်ပတ် သို့မဟုတ် နှစ်ပတ်အတွင်း ကြောက်မက်ဖွယ်ကောင်းအောင် လျင်မြန်စွာ ဖြစ်ပွားလာနိုင်ပေသည်။ ပြန်စဉ်းစားဖို့၊ ဆွေးနွေးဖို့၊ ပြန်တွက်ချက်ဖို့ အချိန်ရမည်မဟုတ်တော့ပါ။ ဤအခိုက်အတန့်တွင် နိုင်ငံတစ်နိုင်ငံလုပ်ရပ်အပေါ် အခြားတစ်နိုင်ငံက အဓိပ္ပာယ်များယွင်းဖွင့်ဆိုမိလျှင် သော်လည်းကောင်း သို့မဟုတ် တစ်နိုင်ငံက ရုတ်ချည်းတုံ့ပြန်မှု ဖြစ်တော့မည်ဟု ဆုံးဖြတ်မိလျှင်သော်လည်းကောင်း မဟာအင်အားကြီးများ၏ ပဋိပက္ခသည် ပေါက်ကွဲလာနိုင်ပေသည်။ အလွန်တရာ အန္တရာယ်ကြီးမားမည့် အခြေအနေဖြစ်သည်။

ထို့ကြောင့်ပင်လျှင် များစွာသော အမေရိကန်မူဝါဒချမှတ်သူများ တောင်ကိုရီးယားနိုင်ငံသားများက ကင်ဂျောင်အီလ်အား မနှစ်မြို့ကြသော်လည်း သူကျန်းမာရွှင်လန်းပါစေဟု မျှော်လင့်တောင့်တခဲ့ကြခြင်းဖြစ်ပေသည်။

ဖြစ်နိုင်စရာတွေ များစွာရှိသည်။ ယခုတင်ပြထားသော စစ်မီးထတောက်လောင်နိုင်သည့် အန္တရာယ်ပြဒေသငါးခုမှာ ဖြစ်နိုင်ခြေရှိရုံမျှသာမက ဖြစ်လာလျှင် သေချာပေါက် အကြီးအကျယ် ဒုက္ခပေးမည့် နေရာများလည်းဖြစ်သည်။ အထူးသဖြင့် ကိုရီးယားကျွန်းဆွယ်ဒေသဖြစ်သည်။

စိုးရိမ်စရာ အကောင်းဆုံးအချက်မှာ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုတို့ အပြန်အလှန်ဆက်သွယ် သတင်းပေးနိုင်သည့် ဆက်သွယ်ရေးစနစ် အလွန်ညံ့ဖျင်းနေခြင်းဖြစ်၏။ တစ်နေ့တခြား ပိုမိုညံ့ဖျင်းနေသည်ဟု ဆိုနိုင်လောက်ပေသည်။ ဥပမာပြရလျှင် စစ်အေးကာလအတွင်းက အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုအချင်းချင်း တည်ဆောက်ခဲ့သည့် ဆက်သွယ်ရေးစနစ်ထက်ပင် ညံ့ဖျင်းသေးသည်။ ၂၀၀၁ တွင် အမေရိကန် သူလျှိုထောက်လှမ်းရေး လေယာဉ်တစ်စင်းကြောင့် ဘုရှ်အစိုးရ၏ နိုင်ငံရေးပေါ်လစီတွင် အကျပ်အတည်းကြီးစွာ ပေါ်ပေါက်လာခဲ့သည်။ အိမ်ဖြူတော်၊ ပင်တဂွန်၊ နိုင်ငံခြားရေးဌာနများမှ မူဝါဒချမှတ်သည့် တာဝန်ခံများမှာ တရုတ်အစိုးရ၏သဘောကို လျင်လျင်မြန်မြန်ရယူရန် အခက်အခဲများမှာ ကြုံတွေ့ရသည်။ တယ်လီဖုန်းနှင့်လည်း ဆက်သွယ်မရ၊ အခြားဆက်သွယ်ရေးစနစ်ကိုလည်း အသုံးချ၍မရဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်ပိုင်းတွင် တရုတ်က အာကာသတွင် ဒုံးခွင်းဒုံးကို အောင်မြင်စွာ ပစ်ခတ်ပြလိုက်သည့်အခါတွင်လည်း ဘာတွေဖြစ်ကုန်ပြီလဲဆိုတာ အမေရိကန်အစိုးရပိုင်းက မေးသည့်အခါ အဆက်အသွယ်မရခဲ့ပေ။

တရုတ်နှင့် အမေရိကန်သို့မဟုတ် တရုတ်နှင့်ဂျပန်တို့အကြားတွင် အရေးပေါ်အသုံးပြုရန် လိုင်းပူများစွာတပ်ဆင်ထားသည်။ သို့သော် လက်တွေ့အသုံးချမှုမရှိခဲ့ပေ။ ၂၀၀၇ နိုဝင်ဘာအတွင်းက အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ် ပေကျင်းသို့သွားရောက်ခဲ့ပြီးနောက် အမေရိကန်နှင့် တရုတ်ခေါင်းဆောင်များအတွင်း နောက်ဆုံးလိုင်းပူတစ်ခု တပ်ဆင်ရန် သဘောတူညီခဲ့သည်။ တရုတ်နှင့် အိန္ဒိယတို့၏ စစ်ဘက်အချင်းချင်းမှာလည်း အရေးပေါ်လိုင်းများ တပ်ဆင်ထားခြင်းမရှိသေးပေ။ လာမည့်နှစ်အနည်းငယ်အတွင်း အန္တရာယ်ပြဒေသတစ်ခုခုအတွင်းမှ အန္တရာယ်သည် နားလည်မှုမရှိခြင်း၊ အတွက်အချက်မှားယွင်းခြင်း၊ ဆက်သွယ်ရေးစနစ် မထိရောက်ခြင်းတို့ကြောင့် ပိုမိုကြီးမားတောက်လောင်လာနိုင်သည်။

ကမ္ဘာ့အင်အားကြီးများသည် ပို၍ပို၍အားကောင်းမောင်းသန် တောင့်တင်းလာသည်။ ထိုအခါ ရရှိနိုင်မည့်အခွင့်အလမ်းကြီးများကို မျှော်မှန်းရှာဖွေလာသည်။ မိမိတို့ကဲ့သို့ အင်အားကြီးထွားလာသော ပြိုင်ဘက်များလည်း ရှေ့တန်းရောက်လာသည်။

ကမ္ဘာသူကမ္ဘာသားများ၏ အနာဂတ်သည် ထိုထိုသော ပြိုင်ဘက်များအပေါ် အားကိုးအားထားပြုနေရတော့မည်လော။ ။

Ref: BILL EMMOTT: RIVALS

ကမ္ဘာ့လူဦးရေ ခုနှစ်ဘီလီယံ အနက် ၁၂ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် သန်း ၈၀၀ ကျော်မှာ အသက် ၆၀ အထက် လူဦးရေ ဖြစ်သည်။

အိုမင်းမှုဖြစ်စဉ်ကို ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာ့နိုင်ငံများနည်းလမ်းရှာရန် လိုအပ်

တိုကျို အောက်တိုဘာ ၁

အသက်အရွယ် အိုမင်းမစွမ်းဖြစ်မှုနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာ့နိုင်ငံများမှ အစိုးရအဖွဲ့များက နည်းလမ်းရှာကြံသင့်ပြီဖြစ်ကြောင်း အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်သည့် ကုလသမဂ္ဂ အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

လက်ရှိကာလ၌ အသက်အရွယ်အရ ပျိုမျစ်သည့် လုပ်သားအင်အားစုများ ပိုင်ဆိုင်ထားဆဲဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် သက်ကြီးရွယ်အိုဦးရေ များပြားလာမှုပြဿနာကို တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ရင်ဆိုင်ကြရလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (ယူအင်န်အက်ဖ်ပီအေ)၏ လေ့လာချက်အစီရင်ခံစာက သတိပေးထားသည်။

သက်ကြီးရွယ်အိုများ ဇရာပိုင်းကာလကို ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ရေးအတွက် ကျန်းမာစွာနေရသည့် နှစ်ကာလအပိုင်းအခြားအား ဆန့်ထုတ်ပေးနိုင်မည့် ဆေးဘက်ဆိုင်ရာအစီအမံများကို ကမ္ဘာ့နိုင်ငံများက မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ယူအင်န်အက်ဖ်ပီအေက တိုက်တွန်းခဲ့သည်။

ကမ္ဘာတစ်ဝန်းလုံး၌ လူကိုးဦးလျှင် အသက် ၆၀ အထက် တစ်ဦးပါဝင်လျက်ရှိရာ ကမ္ဘာ့လူဦးရေစုစုပေါင်း ခုနစ်ဘီလီယံတွင် သက်ကြီးရွယ်အိုဦးရေ သန်း ၈၁၀ ပါဝင်နေသည့်သဘောဖြစ်ကြောင်း ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့နှင့် တိုက်ဆိုင်ထုတ်ပြန်ခဲ့သော ယူအင်န်အက်ဖ်ပီအေ အစီရင်ခံစာတွင် ခန့်မှန်းဖော်ပြထားသည်။

လက်ရှိကမ္ဘာ့သက်ကြီးရွယ်အို ဦးရေပမာဏ၌ ဆယ်စုနှစ်တစ်ခုအတွင်း သန်း ၂၀၀ ထပ်တိုးလာနိုင်ဖွယ်ရှိရာ ကမ္ဘာ့သက်ကြီးရွယ်အိုလူဦးရေသည် တစ်ဘီလီယံကျော်အထိရှိလာမည်ဟု ခန့်မှန်းရပြီး ၂၀၅၀ ပြည့်နှစ်အရောက်တွင် နှစ်ဘီလီယံ အထိမြင့်တက်လာနိုင်ကြောင်း အစီရင်ခံစာအရ သိရသည်။

၂၁ ရာစု၏ အထင်ကရအရှိဆုံး လက္ခဏာတစ်ရပ်မှာ သက်ကြီးရွယ်အိုလူဦးရေဖြစ်ပြီး ၂၀၅၀ ခုနှစ်အရောက်၌ ကမ္ဘာ့သက်ကြီးရွယ်အိုလူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

အေအက်ဖ်ပီ။

သွေးထွက်လွန်လူနာများအတွက် သွေးအားမြှင့်ဆေးဝါးသစ် လက်တွေ့စမ်းသပ်နေ

လန်ဒန် အောက်တိုဘာ ၁

သွေးဆုံးရှုံးမှုများပြားသည့်လူနာများ ပြန်လည်နာလန်ထူလာနိုင်ရေးအတွက် ရည်ရွယ်ဖန်တီးထားသော ဆေးဝါးတစ်မျိုးကို ဗြိတိန်ဆေးရုံတစ်ရုံက ဦးဆောင်၍ တစ်ကမ္ဘာလုံးအတိုင်းအတာအရ လက်တွေ့စမ်းသပ် အသုံးပြုလျက်ရှိကြောင်း အောက်တိုဘာ ၁ ရက်သတင်းများတွင် ဖော်ပြထားသည်။

အရန်သိုလှောင်ထားခြင်းဖြစ်သော်လည်း အသုံးပြုနိုင်မည့် သက်တမ်းကုန်ဆုံးသွားပြီဖြစ်သော သွေးများမှထုတ်လုပ်ထားသည့် အမ်ပီ ၄ အိုအိတ်စ်အမည်ရှိ ဆေးဝါးသည် လူ့ကိုယ်ခန္ဓာအတွင်း အောက်ဆီဂျင်များ ဖြန့်ဝေပေးသော သွေးနီဥဆဲလ်များ လုပ်ငန်းတာဝန်ကို အစားထိုးထမ်းဆောင်မည်ဖြစ်သည်။

ရွှိုင်ရယ်လ်လန်ဒန်ဆေးရုံက ဦးဆောင်သည့် လက်တွေ့ စမ်းသပ်ကာလအတွင်း ကမ္ဘာတစ်ဝန်း ဆေးရုံ၊ ဆေးခန်းပေါင်း ၅၆ ခုမှ သွေးဆုံးရှုံးမှုများပြားခဲ့သော လူနာများကို အမ်ပီ ၄ အိုအိတ်စ်ဆေးဝါးများဖြင့် ကုသပေးလျက်ရှိသည်။

အမ်ပီ ၄ အိုအိတ်စ်ဆေးဝါးသည် အမေရိကန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ဆန်းဂတ်ကုမ္ပဏီက တီထွင်ခဲ့သော ဆေးဝါးဖြစ်ပြီး အသုံးပြုသက်တမ်းကုန်လွန်ခဲ့ပြီးဖြစ်သည့် သွေးများမှ ရယူဖော်ထုတ်ထားသော ဟေမိုဂလိုဘင် အခြေခံဆေးဝါးထွက်ကုန်ဖြစ်သည်။

ဟေမိုဂလိုဘင် မော်လီကျူးများသည် ကိုယ်တွင်းကြွက်သားများနှင့် တစ်သျှူးများသို့ အောက်ဆီဂျင်များ သယ်ယူဖြန့်ဝေပေးသည့် သွေးနီဆဲလ်ပရိုတိန်းများ ဖြစ်ကြသည်။

သွေးအလွန်အကျွံဆုံးရှုံးခဲ့ရသော လူနာများတွင် ဟေမိုဂလိုဘင်မော်လီကျူးများ ကျဆင်းလျော့ပါးသွားတတ်ရာ အမ်ပီ ၄ အိုအိတ်စ်ဆေးဝါးသည် အောက်ဆီဂျင်ငတ်နေသော ကိုယ်တွင်းကြွက်သားများနှင့် တစ်သျှူးများသို့ အောက်ဆီဂျင်ကို ပေးပို့ဖြန့်ဝေပေးနိုင်ကာ အဆိုပါအင်္ဂါအစိတ်အပိုင်းများ ပျက်စီးမည့်အလားအလာအား လျှော့ချပေးနိုင်သည်။

ဘီဘီစီ။

အလေးထားဖော်ဆောင်ရတော့မည့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးကဏ္ဍသစ်

ကိုကြွေး(ဘူမိဗေဒ)

ယနေ့ ကမ္ဘာပေါ်တွင် စိန်ခေါ်မှုကြီးနှစ်ခုရှိပါသည်။ ယင်းတို့မှာ ရာသီဥတုပြောင်းလဲမှု(Climate Changed)နှင့် လူဦးရေ အချိုးအစားပြောင်းလဲမှု(Demographic Changed) တို့ ဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေတိုးပွားလာမှုမှာ သဘာဝ အလျောက်ဖြစ်သော်လည်း လူဦးရေအချိုးအစားပြောင်းလဲမှုမှာ သတိပြုဖြေရှင်းရမည့်အချက် ဖြစ်ပါသည်။

ယနေ့ကမ္ဘာကို လေ့လာကြည့်လျှင် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေးအသိ အခြေခံလူနေမှုစနစ်များ ပြောင်းလဲလာမှုကြောင့် လူ့မျှော်မှန်းသက်တမ်းများ တိုးတက်လာကာ သက်ကြီးရွယ်အိုအရေအတွက် များပြားလာချိန်တွင် အိမ်ထောင်ပြုမှုကျဆင်းခြင်း၊ ကလေးယူမှုနှုန်းများ ကျဆင်းခြင်းတို့ကြောင့် ကလေးနှင့်လူငယ်အချိုး လျော့နည်းလာကြောင်း တွေ့ရပါသည်။ များသောအားဖြင့် ဖွံ့ဖြိုးပြီးသောနိုင်ငံ (Developed Country)များတွင် စတင်ကြုံတွေ့နေရပြီဖြစ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း မကြာမီ ရင်ဆိုင်ရဖွယ်ရှိပါသည်။ ထိုအခြေအနေတို့ကြောင့် အလုပ်လုပ်သော လူဦးရေ(Work Force)လျော့နည်းလာပြီး စောင့်ရှောက်ပေးရမည့်လူဦးရေက တိုးပွားလာပါသည်။ လူမှုစောင့်ရှောက်ရေးလုပ်ငန်းများ၌ ဘဏ္ဍာငွေပိုမိုသုံးစွဲနေရချိန်တွင် မျိုးဆက်သစ်လုပ်အားလျော့နည်းလာသည့် စိန်ခေါ်မှုတစ်ခုကိုလည်း တွေ့ရပါသည်။

ထိုအခြေအနေများကြောင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးကို သမားရိုးကျနည်းလမ်းဖြင့် စောင့်ရှောက်ရုံဖြင့် လုံလောက်မှုမရှိတော့ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ စိန့်ဂါလန်(St. Gallen)တက္ကသိုလ်တွင်ကျင်းပသော ကမ္ဘာ့လူဦးရေပြောင်းလဲမှုနှင့် သက်ကြီးရွယ်အိုဆိုင်ရာ ဆွေးနွေးပွဲ (World Demographic & Ageing Forum)၏ အဓိကဆောင်ပုဒ်မှာ (2022-10 year to Shape the Demographic Shift) ဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်နေသော လူဦးရေအချိုး(Population Pyramid)ကို မည်ကဲ့သို့ပြောင်းလဲတိုးတက်အောင်ဆောင်ရွက်ရမည်၊ သက်ကြီးရွယ်အိုများနှင့် နည်းပညာ(Ageing & Technology)၊ သက်ကြီးများအား IT နည်းပညာများ သင်ယူအသုံးပြုနိုင်ရေး၊ အငြိမ်းစားယူပြီးနောက် မိသားစုတာဝန်ထမ်းဆောင်ရဆဲ သက်ကြီးများအတွက် သင့်လျော်သော အလုပ်လုပ်ကိုင်ခွင့်ရရှိရေးနှင့် ပုံမှန်ဝင်ငွေရရှိရေး၊ အသက်ကြီးမှုကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံမှု (Ageism)မှ ကာကွယ်ရန်၊ ဥပဒေများပြဋ္ဌာန်းပြီး သက်ကြီးရွယ်အိုများ၏ အခွင့်အရေးဖော်ဆောင်ခြင်းနှင့်ကာကွယ်ခြင်းတို့ကို ဖော်ဆောင်ပေးရေး၊ သက်ကြီးအမျိုးသမီးများအတွက် ကျား၊မ တန်းတူညီမျှမှုရှိအောင် ဂရုပြုစောင့်ရှောက်ရေးစသည့်အချက်များကို လက်ရှိကမ္ဘာ့အခြေအနေများပေါ်မူတည်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါသုံးရက်တာ ဆွေးနွေးအပြီး၌ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးတွင် ကဏ္ဍပေါင်းစုံပါဝင်ရေး (Multi-State HolderParticipation)၊မျိုးဆက်ပေါင်းစုံညှိနှိုင်းအဖြေရှာခြင်း (Inter Generation Dialogue)နှင့် ကျား၊မတန်းတူညီမျှရေး (Gender)ဆိုင်ရာကိစ္စရပ်များကို လာမည့်ဆယ်စုနှစ်အတွင်း ဦးစားပေးဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံအစိုးရများအား အကြံပြုခဲ့ကြပါသည်။ သက်ကြီးများ၏ ကျန်ရှိနေသေးသော ဘဝသက်တမ်း (Later Life)အတွက် သက်ဆိုင်ရာနိုင်ငံများက အစီအစဉ်များ ရေးဆွဲချမှတ်ရေးများကိုလုပ်ဆောင်ရန် တောင်းဆိုခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲအတွေ့အကြုံအရ ဖွံ့ဖြိုးပြီးနိုင်ငံများသည် လွန်ခဲ့သည့် ဆယ်စုနှစ်လေးခုလောက်ကစ၍ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးကို နည်းလမ်းသစ်များဖြင့် ဆောင်ရွက်ခဲ့ကြောင်း တွေ့သိရပါသည်။ သက်ကြီးအာမခံစနစ်များ၊ သက်ကြီးလူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ သက်ကြီးပင်စင်များ၊ သက်ကြီးကျန်းမာရေးစရိတ်များ၊ ခရီးစရိတ်များကို အထူးနှုန်းဖြင့် လျှော့ပေါ့ပေးခြင်း၊ သက်ကြီးများအတွက် သင့်လျော်သော အဆောက်အအုံများ (Age Friendly Building)၊ သက်ကြီးရွယ်အိုများအတွက် သင့်လျော်သောဒေသများ (Age Friendly Community)၊ သက်ကြီးရွယ်အိုများအတွက် သင့်လျော်သော မြို့တော်များ (Age Friendly City) တည်ထောင်စောင့်ရှောက်ခဲ့ကြပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ၁၉၉၂ ခုနှစ်ကတည်းကစ၍ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများအတွက် အခြေခံအချက် (၅) ချက်ဖြစ်သည့် အမှီအခိုကင်း၍ လွတ်လပ်ခွင့်ရှိရေး(Independence)၊ အပြန်အလှန်ကူညီစောင့်ရှောက်ရေး (Care)၊ မိမိကိုယ်ကိုမိမိ ဖြည့်ဆည်းနိုင်ရေး (Self Fulfillment)၊ ပါဝင်ခွင့်ရရှိရေး (Participation)၊ ဂုဏ်သိက္ခာရှိရေး (Dignity) တို့ကို သတ်မှတ်ပေးခဲ့ပါသည်။ နှစ်စဉ်အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ်သတ်မှတ်ကာ သက်ကြီးရွယ်အိုများအပေါ် အလေးထားနိုင်ရေးအတွက် လှုံ့ဆော်ခဲ့ပါသည်။

မိမိတို့နိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားပြီး သက်ကြီးရွယ်အိုများအပေါ် အလေးထားစောင့်ရှောက်သည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ မိသားစု စုစည်းနေထိုင်သည့်အိမ်ထောင်စုစနစ်(Extended Family Pattern)ကို ထိန်းသိမ်းထားနိုင်ခြင်းကြောင့် မိသားစုအလိုက်၊ ဆွေမျိုးသားချင်းအလိုက် မိမိတို့၏ ဘိုးဘွားမိဘများကို စောင့်ရှောက်ထားကြသဖြင့် လောလောဆယ်တွင် သက်ကြီးရွယ်အိုပြဿနာကြီးမားမှု မရှိသေးဟု ဆိုရပါမည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်နေခြင်း၊ ဆင်းရဲမှုရာနှုန်းအသင့်အတင့်ရှိနေခြင်းကြောင့် မိသားစု၊ ဆွေမျိုးသားချင်းနည်းပါးပြီး စောင့်ရှောက်မှုမခံရသော သက်ကြီးရွယ်အိုအချို့ရှိနေသည်ကို လုပ်ငန်းအတွေ့အကြုံအရ တွေ့ရှိရပါသည်။ လက်ရှိနိုင်ငံတော်၌ လူဦးရေ သန်း ၆၀ ဝန်းကျင်ရှိသည့်အနက် ၉ ရာခိုင်နှုန်း(၅ သန်းခန့်)မှာ အသက်(၆၀)နှစ်အထက် သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ ထိုအထဲမှ ၁၀ ရာခိုင်နှုန်း(၅ သိန်းခန့်)မှာ တစ်နည်းနည်းဖြင့် စောင့်ရှောက်ပေးရန်လိုအပ်နေကြောင်း အကြမ်းဖျင်းတွေ့ရှိရပါသည်။

မိမိတို့နိုင်ငံတွင် ၁၉၁၅ ခုနှစ်မှစ၍ ယနေ့အထိ ဘိုးဘွားရိပ်သာပေါင်း ၇၀ ကျော် တည်ထောင်ပြီး ဘိုးဘွား ၂၂၀၀ ကျော်ကိုသာ စောင့်ရှောက်ပေးထားနိုင်ပါသည်။ စောင့်ရှောက်ရမည့် ဘိုးဘွားများအားလုံးအတွက် အခြားနည်းလမ်းဖြင့် စောင့်ရှောက်ရန်လိုအပ်ကြောင်း သိရှိလာရပါသည်။ ထို့ကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၀၄ ခုနှစ်မှစ၍ အခြားအာဆီယံနိုင်ငံများနှင့်ပူးပေါင်းကာ စေတနာ့ဝန်ထမ်း အခြေခံ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံကိန်းကို ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်း ၁၀ ခုနှင့်အတူ စတင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလအထိ စေတနာ့ဝန်ထမ်း ၁၆၆၂၄ ဦးက ဘိုးဘွား ၁၆၉၁၉ ဦးကို တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၅၄ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ စောင့်ရှောက်မှုသည် အခြေခံလူမှုရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုသာ ဖြစ်ပါသည်။

၂၀၀၉ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့(Help Age International-HAI)အဖွဲ့နှင့်ပူးပေါင်းကာ အခြားအာရှနှင့်ပစိဖိတ်ဒေသတွင်း နိုင်ငံများနည်းတူ သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့(Older People Self Help Group-OPSHG)အဖွဲ့များ ဖွဲ့စည်းခဲ့ပါသည်။ သက်ကြီးအမျိုးသား အမျိုးသမီးများ၊ မျိုးဆက်သစ်လူငယ်များကို ပူးပေါင်းပါဝင်စေပြီး စီမံခန့်ခွဲမှုသင်တန်းများ၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆိုင်ရာ သင်တန်းများပေးကာ မတည်ရင်းနှီးငွေများ ထုတ်ပေး၍ ဝင်ငွေတိုးလုပ်ငန်းများ တည်ထောင်စေပါသည်။ ထိုလုပ်ငန်းများမှရရှိသောဝင်ငွေများဖြင့် သက်ကြီးရွယ်အိုများကိုသာမက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ပါ ကူညီဆောင်ရွက်ခြင်း၊ တစ်ဦးချင်းအရည်အသွေးမြှင့်တင်ရေး သင်တန်းများပေးပြီး မတည်ရင်းနှီးငွေများ ထုတ်ပေးကာ အသေးစားစီးပွားရေးလုပ်ငန်းများ ဖန်တီးဖော်ဆောင်ပေးစေခြင်းဖြင့် ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းများတွင် ပါဝင်စေပါသည်။ ယနေ့အထိ တိုင်းဒေသကြီး/ပြည်နယ်လေးခုရှိ ကျေးရွာပေါင်း ၁၂၈ ခု၌ ဖွဲ့စည်းပြီး သက်ကြီးရွယ်အို ၅၂၅၆ ဦးနှင့် ၎င်းတို့၏ မိသားစုဝင်များကို စောင့်ရှောက်ပေးလျက်ရှိပါသည်။

ထို့အပြင် သက်ကြီးရွယ်အိုအခြေခံကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း (Rural Development Ageing)ကို မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ရှိ ကျေးရွာပေါင်း ၃၀ တွင် ၂၀၁၀ ခုနှစ်မှစ၍ ဆောင်ရွက်လျက်ရှိပါသည်။ သက်ကြီးရွယ်အိုများသာမက မိသားစုဝင်များအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (Village Development Committee)ကို ဖွဲ့စည်းစေကာ ခေတ်မီစိုက်ပျိုးမွေးမြူရေးသင်တန်းများ၊ ဒေသနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုသင်တန်းများပေး၍ အဖွဲ့လိုက်နှင့်တစ်ဦးချင်း ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။ သက်ကြီးရွယ်အို ၃၁၂၄ ဦးနှင့် ၎င်းတို့၏ မိသားစုဝင်များကို စောင့်ရှောက်မှုပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးကို အထောက်အကူပြုလျက်ရှိပါသည်။ ဖော်ပြပါ စီမံကိန်းများသည် စောင့်ရှောက်မှုပေးရမည့် သက်ကြီးရွယ်အို ငါးသိန်းအတွက် လုံလောက်မှုမရှိသေးပေ။ နိုင်ငံတစ်ဝန်း စောင့်ရှောက်မှုပေးနိုင်ရေးအတွက် များစွာကြိုးစားရဦးမည်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ကျင်းပသော လူမှုရေးအရ ကာကွယ်စောင့်ရှောက်ရေးညီလာခံ အဖွင့်မိန့်ခွန်းတွင် နိုင်ငံတော်သမ္မတကြီးမိန့်ကြားချက်နှင့်အညီ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် သက်ကြီးရွယ်အိုများအား ထည့်သွင်းစောင့်ရှောက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းသည် ကျယ်ပြန့်ပြီး ပမာဏကြီးမားသည့်လုပ်ငန်းဖြစ်ရာ နိုင်ငံတော်အစိုးရတစ်ခုတည်း၏အားဖြင့် ဆောင်ရွက်၍မရဘဲ နိုင်ငံတကာအသိုက်အဝန်း(International Community)၊ လူထုလူတန်းစားအဖွဲ့အစည်းများ (Civil Society)၊ ပညာရေးနယ်ပယ်(Academic Area)၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ (Private Sector)နှင့် နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (HAI)အဖွဲ့တို့နှင့်ပူးပေါင်းကာ မြန်မာသက်ကြီးရွယ်အို စောင့်ရှောက်ရေးမူဝါဒများနှင့် စီမံကိန်းများ ရေးဆွဲရာတွင် အထောက်အကူရရှိစေရန်နှင့် နိုင်ငံတကာ အတွေ့အကြုံများ ဖလှယ်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ် မေ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် နေပြည်တော်ရှိ အမရဟိုတယ်၌ ဒေသခွဲအဆင့် အလုပ်ရုံဆွေးနွေးပွဲ (Sub- Regional Workshop for Myanmar Ageing Policy) ကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် မေ ၈ ရက် နှင့် ၉ ရက်တို့တွင် အာရှ-ပစိဖိတ်ဒေသတွင်း သက်ကြီးရွယ်အိုညီလာခံ- ၂၀၁၂ (Asia-Pacific Regional Conference on Ageing-2012) ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် လက်ခံကျင်းပပြီး သက်ကြီးရွယ်အိုဆိုင်ရာနည်းလမ်းများနှင့် အတွေ့အကြုံများကို ရယူနိုင်ခဲ့ပါသည်။ အဆိုပါအတွေ့အကြုံများ၊ ကုလသမဂ္ဂအဖွဲ့ကြီးကချမှတ်သော သက်ကြီးရွယ်အိုဆိုင်ရာ အခြေခံအချက် (၅) ချက်တို့ကိုအခြေခံ၍ မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီသော သက်ကြီးရွယ်အိုဆိုင်ရာမူဝါဒများနှင့် စီမံချက်များကို ရေးသားလျက်ရှိပါသည်။

ပြီးခဲ့သော စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပသော သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များ (OPSHG) များ၏ လုပ်ငန်းသုံးသပ်အစည်းအဝေးတွင် တက်ရောက်လာသော သက်ကြီးရွယ်အိုများက ကျန်းမာရေးစရိတ်များ၊ ပို့ဆောင်ရေးစရိတ်များအား ရာခိုင်နှုန်းတစ်ခုအဖြစ် လျှော့ပေါ့ပေးရေးနှင့် မည်သည့်အထောက်အပံ့မှမရှိသည့် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်များ ထောက်ပံ့ရန် တင်ပြဆွေးနွေးခဲ့ကြပါသည်။ လက်ရှိနိုင်ငံတော်၌ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း (Social Protection) ကို စတင်လေ့လာ စမ်းသပ်အကောင်အထည်ဖော်ဆဲအဆင့်သာ ရှိနေသေးပါသည်။ လူမှုရေးပင်စင်၊ သက်ကြီးအာမခံစနစ်များမရှိသေးသည်ကို တွေ့ရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ ပြောင်းလဲမှုလုပ်ငန်းများတွင် အစိုးရဌာနများအပါအဝင် ပုဂ္ဂလိကအခန်းကဏ္ဍကပါ သက်ကြီးရွယ်အိုများ၏အခွင့်အရေး အခြေခံစောင့်ရှောက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဆိုပါက ပြည့်စုံသည့် လူမှုဘဝကြီးကို သက်ရွယ်စုံညီခံစားနိုင်ကြပါမည်။ သက်ကြီးရွယ်အိုများအတွက် အခြေခံဝင်ငွေဖူလုံရေး၊ ဆေးဝါးကုသစရိတ်များ ရာနှုန်းတစ်ခုအထိ လျှော့ပေါ့ပေးခြင်း၊ ကား၊ ရထား၊ သင်္ဘောခများအား လျှော့ပေါ့ပေးခြင်း၊ သက်ကြီးများအတွက်သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် သက်ရွယ်စုံညီလူ့ဘောင်ဆီသို့ လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းတင်ပြနိုးဆော်အပ်ပါသည်။ ။

သတင်းဓာတ်ပုံမြင်ကွင်း

ရန်ကုန်မြို့အတွင်း အချို့သောမော်တော်ယာဉ်များအနေဖြင့် စည်းကမ်းမဲ့စွာ မထီမဲ့မြင် မောင်းနေကြသည်ကို တွေ့မြင်နေရသည်။ ပုံတွင်တွေ့မြင်ရသည့်အတိုင်း ခရီးသည်တင်မော်တော်ယာဉ်တစ်စီးမှာ မဟာဗန္ဓုလလမ်းမကြီးအတိုင်း မောင်းနှင်လာရာ ပန်းဆိုးတန်းမီးပွိုင့်မီးနီပြနေချိန်တွင် မော်တော်ယာဉ်မှာ အရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းဆုံအလယ်၌ ရပ်တန့်နေရကာ နောက်ဆုတ်လည်းမရ၊ ရှေ့တိုးလည်းမရဖြစ်နေသည်ကို တွေ့ရစဉ်။ တင်မောင်ငွေ (သန်လျင်)

ပဲခူးမြို့တွင်း ယာဉ်စည်းကမ်းများ အထူးစစ်ဆေးဖမ်းဆီးအရေးယူလျက်ရှိရာ ထော်လာဂျီယာဉ်များ အဆမတန် ဝန်အပြည့်တင်၊ အင်ဂျင်ဖုံးပေါ် ပမာမခန့်ထိုင်စီး၊ ဝန်အပြည့်နှင့် အန္တရာယ်ကြီးစွာစီးနင်းနေပုံသည် အန္တရာယ်အား လက်ကမ်းကြိုဆိုနေသလိုဖြစ်နေကြောင်း အသိပေးလိုက်ရပေသည်။ (၅၈၈)

ပဲခူးမြို့ ဈေးကြီးအတွင်းဝင်သည့် ညွန့်ရှပ်ရှင်ရုံ တစ်လမ်းမောင်းလမ်းသည် နံနက် ၆ နာရီမှ ညနေ ၆ နာရီအချိန်ထိ ကားကြီးများ မောင်းနှင်ခွင့်မရှိသော်လည်း ယခုအခါ စည်းကမ်းလိုက်နာမှုအား အလွန်နည်းနေပြီး အဝင်လမ်းကိုလည်း အထွက်လမ်းအဖြစ် အသုံးပြုနေသလို အထွက်လမ်းကိုလည်း အဝင်လမ်းအဖြစ် အသုံးပြုသွားလာနေကြပြီး ကားကြီးများမှာလည်း ဝင်နေကြသည့်အတွက် ယာဉ်ကြောပိတ်ဆို့ခြင်းများ မကြာခဏကြုံနေကြရသည်။ ငွေးနိုင် (ပဲခူး)

မန္တလေးတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ဝါစိုက်တောင်သူ ၄၉၃၅ ဦးအား ငွေထုတ်ချေး

မန္တလေး အောက်တိုဘာ ၁

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းထုတ်ချေးမည့် ချေးငွေအမျိုးအစားအားလုံးအတွက် နိုင်ငံတော်မှ လက်ရှိသတ်မှတ်ထားသည့် သီးနှံအလိုက် သတ်မှတ်ထားသည့်နှုန်းထားများအတိုင်း ထုတ်ချေးပေးလျက်ရှိသည်။

ထုတ်ချေးငွေများမှာ ဝါတစ်ဧကအတွက် ကျပ် ၁၀၀၀၀ နှုန်းချေးငွေ သတ်မှတ်ထားရှိရာ မန္တလေးတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တောင်သူ ၄၉၁၀ ဦး၏ ၁၁၃၀၁ ဧကအတွက် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ၅၆၅ ဒသမ ၀၅ ကျပ်သန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တောင်သူ ၄၉၃၅ ဦး၏ ၁၁၉၄၈ ဧကအတွက် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ၁၉၇ ဒသမ ၄ သန်းထုတ်ချေးပေးခဲ့ကြောင်း ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှ သိရသည်။

(ကျော်မင်းသော်)

စာပေနှင့်အနုပညာ

ရသစုံလင်စာရင်ပြင်

ဟိန်းလတ်

ခေတ်မီတိုးတက်သော နိုင်ငံကြီးများ၏ ကျောင်းသင်ရိုးညွှန်းတမ်းများတွင် 'ရသစာပေ'ကို ကျောင်းသား ကျောင်းသူတိုင်း မဖတ်မဖြစ် ဖတ်ဖြစ်ကြစေရန်၊ ရသသဘောတရားကို နားလည်ခံစားလာစေရန် ရည်ရွယ်၍ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်များတွင်ပင် ခေတ်ပြိုင်ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာများကို မသင်မနေရ သင်ကြားလာကြ၏။ ဤသည်ကိုပင် 'ရသပညာရေး' (Aesthetic Education)ဟု ခေါ်ကြသည်။ 'စာဖတ်ခြင်းကို စုံမက်မှု' (Romance of Reading)ဟူသော စာစဉ်အတွဲများဖြင့် ငယ်စဉ်ဘဝမှစ၍ရသစာပေအရသာကို လေ့ကျင့်ပေးကြသည့် အစဉ်အလာရှိပါသည်။ မြန်မာတို့အဖို့မူ တစ်ချိန်ကဆိုလျှင် ဝတ္ထုဖတ်တာ ပျက်စီးတတ်သည်ဟုပင် တစ်လွဲအဆို အဆုံးအမများရှိကြ၍ လူငယ်များမှာ ဝတ္ထုကိုပင် ခိုးကြောင်ခိုးဝှက် ဖတ်ခဲ့ကြရသော ကာလများပင် ရှိခဲ့ဖူးသည်။ ထို့ကြောင့် ကိုယ်ပိုင်အတွေးအခေါ်ဖြင့် မြန်မာစာစီစာကုံးတစ်ပုဒ်ကို ဖြောင့်အောင်မရေးနိုင်ခဲ့ကြ။ မြန်မာစာစီစာကုံးကိုပင် အစမှအဆုံး ကိုယ်ပိုင်မရေးနိုင်၍ အာဂုံဆောင်အလွတ်ကျက်မှတ်ပြီး စာမေးပွဲဖြေကြသူများလည်း အများအပြား။ တကယ်တော့ ခေတ်မီစက်မှုသိပ္ပံထွန်းကားသော နိုင်ငံကြီးများ၏ အောင်မြင်မှုအဓိကသော့ချက်များအနက် တစ်ခုမှာ 'ရသခံစားမှု' ဆိုသည်ကို မေ့လျော့နေကြခြင်းပင်ဖြစ်သည်။

ရသမြောက် မြန်မာလုံးချင်းဝတ္ထုရှည်များကို အမျိုးသမီးစာရေးဆရာမ တော်တော်များများ ရေးဖွဲ့ခဲ့သည်မှာ ဂုဏ်ယူစရာကောင်းလှသည်။ ဆရာမကြီး ဒဂုန်ခင်ခင်လေး၏ 'ရွှေစွန်ညို' ဝတ္ထုမှသည် ဆရာမကြည်အေး၏ 'နွမ်းလျအိမ်ပြန်'၊ ဆရာမ စိန်စိန်၏ 'သားလိမ္မာ'၊ ဆရာမခင်နှင်းယု၏ 'မွေး'၊ ဆရာမ ခင်ဆွေဦး၏ 'တို့တိုင်းဌာနီ'၊ ဆရာမ ဂျာနယ်ကျော်မမလေး၏ 'မုန်း၍မဟူ' ဆရာမစမ်းစမ်းနွဲ့(သာယာဝတီ)၏ 'ခေါက်ထီးလေး မလုံ့တလုံ'၊ ဆရာမ မလေးလုံ၏ 'ပွင့်'၊ ဆရာမတက္ကသိုလ်မြစိမ်း၏ 'နောက်တိုး'၊ ဆရာမ မစန္ဒာ၏ 'အရိပ်'၊ ဆရာမမိုးမိုး(အင်းလျား)၏ 'မှတ်စပါးအခြားမရှိ'၊ ဆရာမဝင်းဝင်းလတ်၏ 'အချစ်၏နောက်ဆက်တွဲစာမျက်နှာများ'၊ ဆရာမဂျူး၏ 'ပင်လယ်နှင့်တူသောမိန်းမများ'၊ ဆရာမခင်ခင်ထူး၏ 'မအိမ်ကံ' စသဖြင့် စသဖြင့် ခေတ်ပြိုင်မြန်မာစာပေသမိုင်းတွင် ဤစာအုပ်များသည် ချန်လှပ်၍မရကောင်းသောစာအုပ်များ ဖြစ်ကြသည်။ ထိုစာအုပ်များထဲတွင် ဆရာမနုနုရည်(အင်းဝ)၏ 'နှစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်တဲ့ မိန်းမတစ်ယောက်' လုံးချင်းဝတ္ထုရှည်တစ်ခုလည်း အပါအဝင်။

ဤစာအုပ်ကို ဝတ္ထုဟုဆိုရသော်လည်း တကယ်တော့ ဆရာမနုနုရည်(အင်းဝ)၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဝတ္ထု (Autobiographical Novel)ပင်ဖြစ်သည်။ ဝတ္ထုထဲမှ ဇာတ်ဆောင်နှင်းနှင်းဦးသည် ဆရာမနုနုရည်ကိုယ်တိုင်ပင် ဖြစ်သည်။ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဝတ္ထုသည် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ (Autobiography)နှင့်မတူ၊ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိက အနည်းငယ်လေး၏။ သို့သော် တကယ်ရေးတတ်သူတွေ ရေးတော့လည်း ဖတ်လို့ကောင်းနေပြန်သည်။

'ပီမိုးနင်း၏ ပီမိုးနင်း'၊ 'မဟာဆွေ၏မဟာဆွေ'၊ 'ဒဂုန်တာရာ၏ ဒဂုန်တာရာ'၊ သော်တာဆွေ၏ 'ကျွန်တော့်ဘဝ

ဇာတ်ကြောင်း'၊ ရွှေဥဒေါင်း၏ 'တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ'၊ တင့်ဆန်း၏ 'ငမိုးရိပ်မှ ငမိုးရိပ်သို့' စသော ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိများကျတော့ ရသမြောက်နေသည်။ သို့သော် အတ္ထုပ္ပတ္တိဝတ္ထုကတော့ ပို၍ရုပ်ကြွသည်။ ဆရာမနုနုရည်၏ဝတ္ထုသည် အင်းဝတွင် ၁၉၅၇ ခုနှစ် မွေးဖွားချိန်မှစ၍ အိမ်ထောင်ကျခါစ ရုန်းကန်လှုပ်ရှားနေရသော ဘွဲ့ရချိန်အထိ ခေတ်ပြိုင်သရုပ်မှန်ပုံရိပ်ကို ရေးဖွဲ့ထားသည်။ အရေးအသားက ရှင်းလင်းသည်။ စကားပြေက ချော၏။ အတတ်ပညာ ပရိယာယ်မာယာကင်းစွာ ရေးသားထား၍ ဖတ်ရှုသူ၏ရင်ထဲသို့ တိုက်ရိုက်ထိတွေ့နေ၏။ ဝတ္ထုရှည်၏ သဘောသက်ဝင်အောင် ရေးသားထားသည်ကို တွေ့ရသည်။ တကယ့်ဖြစ်ရပ်မှန် နောက်ခံဝန်းကျင်ကို ရေးသားထားသည်။ အနုစိတ်ကျ၏။ ခံစားချက်ပိုပေါ်လွင်၏။ ကိုယ်ပိုင်ရေးပုံတူဖြစ်သဖြင့် စာရေးသူ၏ ခံစားမှုအမြင်နှင့် စိတ်ကူးတို့သည် ပို၍လှုပ်ကြွနေသည်။ ရသစာပေ၏ ထူးခြားချက်မှာ စာရေးသူက သုခဖွဲ့လျှင်လည်း နှစ်သက်ပြီး ဒုက္ခဖွဲ့လျှင်လည်း နှစ်သက်အောင် ရေးရခြင်းဖြစ်သည်။ နှစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်သော မိန်းမတစ်ယောက် ဝတ္ထု၌ ဇာတ်ဆောင် နှင်းနှင်းဦး အဘွားကိုချစ်သလို စာဖတ်သူက လိုက်ချစ်သကဲ့သို့ ငယ်စဉ်က လူကြီးတွေခြောက်၍ ကြောက်ခဲ့ကြသော ဦးတေနောင်တို့ ပုံပြင်ထဲမှ သရဲကြီးဒိုးဒေါက်တို့ကို နှင်းနှင်းဦး ကြောက်သကဲ့သို့ စာဖတ်သူတွေက လိုက်ကြောက်ကြ၏။ ဘွဲ့ရသူက အလုပ်မျိုးစုံလျှောက်ထားပြီး အလုပ်မရချိန်တွင် ငါးတန်းကနေ ကျောင်းထွက်ပြီး အလှပြင်ဆိုင်လုပ်ပြီး ကြီးပွားနေသော မိန်းမလျှာ အောင်နိုင်ဦးအကြောင်း ဖတ်ရတော့ ပြုံးစစနဲ့ ဖြစ်မိကြ၏။ နှင်းနှင်းဦးပျော်သလို သီတင်းကျွတ်တွင် လိုက်ပျော်ပြီး နှင်းနှင်းဦး တန်ဆောင်မုန်းလကို မုန်းသကဲ့သို့ လိုက်မုန်းကြရ၏။ မြစ်ရေကြီး တောင်ရေကျ၊ ကမ်းပါးပြို။ နှင်းနှင်းဦးတို့နေသောအိမ်မှာဖျက်ရပြီး ထမင်းထုပ်စားရသော ကာလတွေကရင်နင့်စရာ။ နှင်းနှင်းဦးအဘ၏ မခင်ကြီးတံဆိပ် ဆေးလိပ်နံ့၊ သင်းပျံ့နေသည့် ကိုယ်နံ့၊ အမြဲဆောင်းတတ်သော ဖော့ဦးထုပ်က ချွေးနှင့်အမေကြီး၏ အာခံတွင်းက ကွမ်းနံ့တို့သည် စာဖတ်သူ၏ နှာဝကိုပင် ချူလာမြူလာ၏။ မန္တလေးတက္ကသိုလ်တက်တော့ ဗောဓိကုန်းပန်းရိပ်ညိုအပြင်ဆောင်တွင် နေရသောကာလများက လွမ်းမောဖွယ်ရာ။ တောင်တွင်းကြီးသား ကိုမျိုးနိုင်နှင့် ချစ်သူဖြစ်ပြီး လက်ဖက်ရည်ဆိုင်ထိုင်ရင်း စာအုပ်၊ ခာတ်ရှင်၊ သီချင်းဘာသာရပ်သုံးခုကို မဝနိုင်အောင် ပြောခဲ့ကြပုံတွေ၊ ကိုမျိုးနိုင် ရန်ကုန်တက္ကသိုလ်တွင် နည်းပြဆရာဖြစ်ပြီး သူတို့ လက်ထပ်လိုက်ကြ၏။ ရန်ကုန်တက္ကသိုလ်အနီးတွင် ခနိမိုးထားသော ၁၂ ပေ ပတ်လည် မြေစိုက်တဲလေးကို ငှားပြီးနေကြ။ ခင်ပွန်းသည်ရသည့် လခလေး ၄၀၀ နီးပါးကို ခြစ်ကုပ်သုံးပြီး မလောက်မငရှင်သန်ကြ။ အလုပ်မရှိဘဲ စာအုပ်များသာ ဖတ်ရသည်ကိုငြီးငွေ့လာပြီး တစ်နေ့တွင် အပ်ချည်ဘူးထဲမှ ခဲတံလေးဖြင့် ဝတ္ထုတိုတစ်ပုဒ်ကိုရေးပြီး ပေဖူးလွှာမဂ္ဂဇင်းသို့ ပို့လိုက်ရာ ထိုဝတ္ထုပါလာ။ ထိုဝတ္ထုပါသော ပေဖူးလွှာမဂ္ဂဇင်းကို ပွေ့ပိုက်ပြီး အင်းဝသို့ ပြန်လာခဲ့သည်။ သူ့လက်ရာကို အဘွားကိုပြရန် အားခဲသွားသည်။ သို့သော် အဘွားက မျက်စိမမြင်ရတော့။ စာဖတ်သူတို့သည် အရေးအသားခေါ်ရာနောက်သို့ တကောက်ကောက် လိုက်ပါသွားကြကာ သူပျော်လျှင် ပျော်ခြင်း၊ သူဝမ်းနည်းလျှင် ဝမ်းနည်းခြင်း လိုက်ပါခံစားကြရသည်။ ဤဝတ္ထုတွင် စာရေးသူသည် စကားပြောအရေးအသားဖြင့်သာ တစ်အုပ်လုံးရေးသည်။ စကားပြောသလို ရေးသည့်စာဟူသည် အဆင့်နိမ့်သည်ဟု ဆိုခဲ့ကြသူများ ဤစာအုပ်ကို စာစကားဖြင့် ပြန်ရေးကြည့်တာကို ကျွန်တော်ဖတ်ကြည့်ချင်ပါသေးသည်။

တက္ကသိုလ်နယ်မြေတွင် နှစ်ပေါင်းများစွာ တဝဲလည်လည် ကျင်လည်နေသော ကျွန်တော်နှင့် ဆရာမနုနုရည်(အင်းဝ)တို့ သူတို့ အိမ်ထောင်ကျခါစ ကာလမှစ၍ ရင်းနှီးခင်မင်ခဲ့ပါသည်။ ကျွန်တော်နှင့် သိကျွမ်းခါစက သူ့ဝတ္ထု တစ်ပုဒ်စနှစ်ပုဒ်စ ကျွန်တော်ဖတ်ဖူးပါသည်။ လူဖတ်သူဖတ်နည်းသော သစ္စာရောင်ခြည် ဘာသာရေးမဂ္ဂဇင်းတွင်ဖြစ်သည်။ ထိုစဉ်ကတည်းက သူ့လက်ကို ကျွန်တော်အကဲခတ်မိသည်။ သို့သော် နာမည်ကြီး ပေဖူးလွှာမဂ္ဂဇင်းတွင် သူ၏ ထဘီလေးတစ်ထည်ဝတ္ထုတို ပါလာသောအခါတွင်မူ ကျွန်တော်ခန့်မှန်းထားသည်ထက် အဆပေါင်းများစွာသာသည့် ပါရမီရှင်မှန်း သိသွားခဲ့ပြီ။ ထို့နောက် သူ၏ လုံးချင်းစာအုပ်တွေ ဆက်တိုက်ထွက်လာသည်။

ကျွန်တော် ဌာနတစ်ခုတွင် စာကြည့်တိုက်မှူးတာဝန် ထမ်းဆောင်နေစဉ် သူစာကြည့်တိုက်ဒီပလိုမာ ဘွဲ့လွန်သင်တန်းတက်သည်။ သူ့လို စာပေသမားတစ်ဦး စာကြည့်တိုက်ပညာရှင်ဖြစ်လာတော့မည်မို့ ဝမ်းသာမိသည်။ သို့သော် ဘွဲ့ယူစာတမ်းတင်ရန်ကာလတွင် သူက စာတမ်းမတင်ခဲ့။ စာကြည့်တိုက်အလုပ်က ဘယ်သူမဆိုလုပ်လို့ရတယ်။ စာရေးဆရာအလုပ်က လူတိုင်းလုပ်ဖို့မလွယ်ဘူးဟူသော စကားဖြင့် ဘုရင့်နောင်ဖောင်ဖျက်သလို စာပေနယ်သို့ လုံးလုံးလျားလျားပစ်ဝင်ခဲ့သည်။ ထို့ကြောင့်လည်း 'မရဲတရဲ ဘာဝယ်မလဲရှင့်'၊ 'တချို့အဆင်းလှ တချို့အဆင်းမလှ'၊ 'အမှတ်မရှိ လမ်းမရှိ ကီလီဗောတံတား'၊ 'သောက်တော့ဒူးယား၊ ဝတ်တော့မလေးရှား၊ နေတော့ ချုံကြား'၊ 'ပြုံး၍လည်း အကန်တော့ခံတော်မူပါ၊ ရယ်၍လည်း အကန်တော့ခံတော်မူပါ' ဆိုသော ဝတ္ထုကောင်းတွေ ဆက်တိုက်ထွက်လာသည်။ သူ့ဝတ္ထုတိုတွေရော၊ လုံးချင်းဝတ္ထုတွေပါ အမျိုးသားစာရေးဆရာရင့်မာကြီးတွေပင် များများစားစား မရေးနိုင်ကြသော ရှားရှားပါးပါးဘဝသရုပ်ဖော်၊ သရုပ်မှန် ဝတ္ထုများချည်းဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်လောက်တွင် သူဝတ္ထုရေးကျဲသွားသည်။ လူတွေ တကယ်ဆင်းရဲကြ၍ ဆင်းရဲသည်ကို အမှန်တကယ်ရေးပြသော ဘဝသရုပ်မှန်ဝတ္ထုများကို စိစစ်တားဆီးသော ကာလတစ်ခုတွင် သူစာမရေးဖြစ်တော့။

'နှစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်တဲ့ မိန်းမတစ်ယောက်' ဝတ္ထုအဆုံးသတ်တွင် ဇာတ်ဆောင်နှင်းနှင်းဦး သူ့အိမ် အင်းဝသို့ အပြန် တစ်ခေတ်က ကြီးကျယ်ခမ်းနားသာယာလှသော အင်းဝနေပြည်တော်ကြီးသည် အရင်ကထက်ပိုပြီး ဟောင်းနွမ်း၊ ယိုယွင်း၊ အိုမင်းသွားပြီဟုရေးခဲ့၏။ ယခု ၂၀၁၂ ခုနှစ် စာရေးဆရာမ နုနုရည် (အင်းဝ) သူ့ရပ်ရွာသို့အပြန် အင်းဝအခြေအနေ မည်သို့ရှိနေမည်ကို ကျွန်တော် သိပ်သိချင်နေပါတော့သည်။ ။

တောင်ကြီး အေးသာယာစက်မှုဇုန်၌ စာပေဟောပြော

တောင်ကြီး အောက်တိုဘာ ၁

တောင်ကြီးမြို့နယ် အေးသာယာ စက်မှုဇုန် အလင်္ကာသွေး အမျိုးသားယဉ်ကျေးမှု စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီမှ ကြီးမှူး၍ စာပေ ဟောပြောပွဲကို အေးသာယာစက်မှုဇုန် ခန်းမဆောင်၌ စက်တင်ဘာ ၂၉ ရက် ည ၇ နာရီတွင် ကျင်းပရာ စာရေးဆရာ လင်းသိုက်ညွန့်၊ စာရေးဆရာ ညီမင်းညို၊ စာရေးဆရာမ မသီတာ (စမ်းချောင်း) တို့ တက်ရောက်၍ စာပေဗဟုသုတ အတွေ့အကြုံများ စိတ်ဝင်စားဖွယ် ဟောပြောကြပြီး ပရိသတ်များခန်းမပြည့် တက်ရောက်ခဲ့ကြသည်။

လာရောက်ဟောပြောကြသော စာရေးဆရာ ဆရာမများကို အလင်္ကာသွေး စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဝင်များက ဂုဏ်ပြုလက်ဆောင်နှင့် ကျေးဇူးတင်စကား ပြောကြားသည်။

သန်းဝေ(တောင်ကြီး)

ဒို့ကျေးရွာဂျာနယ် ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁

ဒို့ကျေးရွာဂျာနယ် အတွဲ(၉)၊ အမှတ်(၁၉)ကို အောက်တိုဘာ ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ဒို့ကျေးရွာဂျာနယ်တွင် စပ်မျိုးစပါးစိုက်လျှင် သတိပြုစေချင်၊ အစေ့ထုတ်ပြောင်း ထူးချွန်ဆုရသူ ဦးဝင်းအောင်နှင့်တွေ့ဆုံခြင်း၊ မိုးခေါင်မှုကိုတွန်းလှန် သီးနှံစိုက်ပျိုးရေးအောင်မြင်ရန် စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ကျွဲများမျိုးပွားမှုဆိုင်ရာ ဇီဝကမ္မဗေဒ၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်အစာ မခက်ပါ၊ မြန်မာ့နွားနှင့် သတိပြုဖွယ်အသွယ်သွယ် စသည့် မွေးမြူရေးဆောင်းပါးများ၊ စပျစ်သီး အစေ့မှထုတ်သည့်အဆီဖြင့် သွေးတိုးရောဂါကို သက်သာစေနိုင်၊ ဆေးအသုံးဝင်ခရာပင်၊ အိပ်ရေးဝဝအိပ်ပျော်စေမည့် နည်းလမ်းကောင်း၊ ရောဂါကင်းစင် သဘော်ပင် စသည့် ကျန်းမာရေးဆောင်းပါးများ၊ အနုပညာသတင်းများ၊ လအိပ်တောင်ရိပ် ခိုအိပ်ချင် ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ပုံပြင်၊ ကာတွန်း၊ ဗေဒင်နှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

(ကြေးမုံ)

အမျိုးသမီးများဘဝ မြင့်မားတိုးတက်စေရန် အသက်မွေးမှုပညာရပ်များ အခမဲ့သင်ကြားပေး

ရန်ကုန် အောက်တိုဘာ ၁

အမျိုးသမီးများဘဝ မြင့်မားတိုးတက်စေရန်အတွက် အသက်မွေးမှုအတတ်ပညာများကို အခမဲ့ သင်ကြားပေးလျက်ရှိရာ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း အမျိုးသမီးများလေ့လာသင်ယူမှုစင်တာ (WLC)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပညာဒါနအဖြစ် အခမဲ့သင်ကြားပေးမှုကို အမျိုးသမီးများအတွက် အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်ပေးနေခြင်းဖြစ်ပြီး ပန်းအလှထိုးခြင်း၊ အခြေခံမိတ်ကပ်လိမ်းခြယ်နည်းပညာများ၊ အိမ်တွင်းအလှဆင်ခြင်း၊ မုန့်မျိုးစုံပြုလုပ်နည်းများ၊ ဥရောပအစားအစာ၊ တိုင်းရင်းသားအစားအစာ ချက်ပြုတ်နည်းများကို သင်ကြားပေးလျက်ရှိသလို အင်္ဂလိပ်စာသင်တန်းများကိုလည်း ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းကာလအတွင်း ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သော အသိပညာများ၊ လူကုန်ကူးမှုကာကွယ်တားဆီးရေး အသိပညာပေး ဟောပြောမှုများလည်း လုပ်ဆောင်လျက်ရှိသည်။ ဗဟုသုတ အသိပညာပေးကာ ဗီဒီယိုဖြင့် ပြသခြင်း၊ လေ့လာရေးခရီးထွက်ခြင်း၊ စာကြည့်တိုက် စီစဉ်ပေးခြင်းများ လုပ်ဆောင်ထားကြောင်း ၎င်းမှ ရှင်းပြသည်။

စိတ်ပါဝင်စားသော မည်သည့်ဒေသမှ အမျိုးသမီးများမဆို ခွဲခြားခြင်းမပြုဘဲ လက်ခံသင်ကြားပေးခြင်း ဖြစ်သည်။ ရန်ကုန်မြို့ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း မဟာသုခိတာလမ်း အမှတ်(၄၁၀)ရှိ အမျိုးသမီးများလေ့လာသင်ယူမှုစင်တာ (WLC) ၌ စာရင်းပေးသွင်းနိုင်ကြောင်း ၎င်းပုဂ္ဂိုလ်က ဆက်လက်ပြောကြားခဲ့သည်။ ထက်ခိုင်(စမ်းချောင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ



Hotel Transylvania အမည်ရှိ ကွန်ပျူတာ အထူးပြုလုပ်ချက်များဖြင့် ရိုက်ကူးထားသော သရဲဒီရုပ်ရှင် ဇာတ်ကားကို အမေရိကန်ဒါရိုက်တာ ဂမ်ဒီ

အမေရိကန် Box Office တွင် မှတ်တမ်းသစ်တင်မည့် Hotel Transylvania ဇာတ်ကား

တာတကိုစကီ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ပြီး အမြတ်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၃ သန်းဖြင့် အမေရိကန် Box Office ၌ ထိပ်ဆုံးမှ ရပ်တည်လျက်ရှိနေသည်။

၎င်းဇာတ်ကားသည် စက်တင်ဘာလက အမေရိကန်ရုပ်ရှင်ရုံများတွင် ဗိုလ်စွဲခဲ့သော Sweet Home Alabama ဇာတ်ကား၏ဝင်ငွေများကို ကျော်လွန်၍ ပထမနေရာတွင် ရပ်တည်နေသည်။

အဆိုပါ Hotel Transylvania ဇာတ်ကားသည် ၂၀၁၂ ခုနှစ်အတွင်း ရိုက်ကူးခဲ့သော ကွန်ပျူတာအထူး ပြုလုပ်ချက်များဖြင့် ပြုလုပ်ရိုက်ကူးထားသော ဟာသရုပ်ရှင်ကားတစ်ကားဖြစ်ပြီး Sony Picture Animation မှ ထုတ်လုပ်ဖြန့်ချိခဲ့သည်။

ယင်းဇာတ်ကားကို စက်တင်ဘာ ၈ ရက်က တိုရွန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပြသခဲ့ကာ စက်တင်ဘာ ၂၈ ရက်တွင် အမေရိကန်နိုင်ငံ၌ ရုံတင်ပြသခဲ့ပြီး ပရိသတ်၏တစ်ခဲနက် ထောက်ခံအားပေးမှုများကြောင့် ယခုတစ်ပတ်အတွင်း အမြတ်ငွေ အများဆုံးဖြင့် အမေရိကန် Box Office ၏ ပထမနေရာတွင် ရပ်တည်နေနိုင်ခဲ့ခြင်း ဖြစ်သည်။

ဂီတဖျော်ဖြေပွဲအတွင်း နေမကောင်းဖြစ်ခဲ့ရသည့် ဂျက်စတင်ဘီဘာ

နာမည်ကြီး ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာ၏ အရီဇိုးနားတွင်ပြုလုပ်သော Believe အမည်ရှိ ၎င်း၏ ပထမဆုံးဂီတဖျော်ဖြေပွဲတွင် အစားအသောက် မှားယွင်းမှုကြောင့် စင်ပေါ်တွင် အော့အန်မှုများ နှစ်ကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့ကာ နေမကောင်းဖြစ်ခဲ့ရသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲ မစတင်မီ စင်နောက်မှာကတည်းက ဘီဘာသည် အားနည်းသည့်ခံစားမှုကို ခံစားနေရကြောင်း၊ ထို့ပြင် ၎င်းသည် မက္ကဆီကိုနိုင်ငံလုပ် ပြောင်းဖူးကိတ်မုန့်နှင့် ချိစ်၊ Gatorate အအေးတို့ကို စားသောက်မိခဲ့ကြောင်း ရေဒီယိုအသံလွှင့် အစီအစဉ်တစ်ခုမှ တာဝန်ရှိသူနှစ်ဦးက KTVK-TV သို့ ပြောကြားခဲ့သည်။

ဘီဘာသည် စင်ပေါ်တွင် နှစ်ကြိမ်တိုင်တိုင် အော့အန်ပြီး နေမကောင်းဖြစ်နေသည့်ကြားက ဂီတဖျော်ဖြေပွဲကို အောင်မြင်စွာ အဆုံးသတ်သွားနိုင်ခဲ့ကြောင်း၊ သူ၏ ပရိသတ်များကိုလည်း သူနေမကောင်းဖြစ်နေစဉ် သူ၏သီချင်းများအား ဝိုင်းဝန်းကူညီ သီဆိုပေးခဲ့ကြသဖြင့် အထူးကျေးဇူးတင်သည်ဟု ပြောကြားခဲ့ကြောင်း အဆိုပါတာဝန်ရှိသူနှစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါဂီတဖျော်ဖြေပွဲအပြီး နောက်နေ့ညတွင် ဘီဘာက နောက်လာမည့် ဂီတဖျော်ဖြေပွဲအတွက် အနားယူအားမွေးလျက်ရှိကြောင်း သူ၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသွားခဲ့သည်။

ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာ၏ ၅၅ မြို့ဆက်တိုက် ဖျော်ဖြေသွားမည့် ဂီတဖျော်ဖြေပွဲကို လာမည့် တနင်္ဂနွေနေ့တွင် လာ့စ်ဗီးဂတ်မြို့ရှိ MGM Grand Garden Arena တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုးစန္ဒာမြင့် ➤ စုစည်းသည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ခန်းမ၌ တိုင်းရင်းသူလေးများက ပန်းစည်းဆက်၍ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

◆ ရွှေဖုံးမှ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua နှင့် စစ်သံမှူးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်မျိုးစေ့ချပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ငလိုက်ဆည်ရေသောက်စနစ် ကိုးရွာသပြေကုန်းကျေးရွာရှိ တောင်သူပညာပေးစိုက်ခင်း၌ (ကိုရီးယား) မူလမျိုးပုလဲသွယ်စပ်မျိုးစပါးအား သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်မျိုးစေ့ချပွဲအခမ်းအနားကို ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များနှင့် အိန္ဒိယသမ္မတနိုင်ငံမှ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးပညာရှင်များ တက်ရောက်အားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် တောင်သူပညာပေး မျိုးသန့်မျိုးပွား တစ်ဆက်တစ်စပ်တည်း မြေပဲ ၁၀ ဧကစိုက်ခင်းနှင့် အထူးအထွက်တိုး ပဲပုပ်သုတေသနစိုက်ခင်း ငါးဧကတို့ကို လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုပြီး တောင်သူများ ထိရောက်စွာ အကျိုးကျေးဇူးရရှိနိုင်ရေးအတွက် အစ-အလယ်-အဆုံး နည်းလမ်းများကို ရှာဖွေချိတ်ဆက်၍ စျေးကွက်အရောက် လုပ်ဆောင်ပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ စာတမ်းဖတ်ပွဲတက်ရောက်

နေပြည်တော် အောက်တိုဘာ ၁

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Asia Plaza Hotel ၌ ကျင်းပသော Seminar on "Cultural Conservation in Myanmar Cultural Heritages Sites and Culture as the Tourism Related" အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Pisanu Suvanajata က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့် (Coordinator for Tourism HRD) နှင့် Foundation for International Human Resource Development (FIHRD) မှ General Secretary Professor Dr. Chira Hongladarom တို့က ယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းပညာရေးကဏ္ဍ (Cultural-Tourism Education) ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ပဏာမ ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စာတမ်းများဖတ်ကြားကြပြီး အဆိုပါစာတမ်းဖတ်ပွဲကို အောက်တိုဘာ ၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၁၀-၂၀၁၂ (အင်္ဂါနေ့)

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၈း၂၅ ၂၀၁၂ ခုနှစ်(၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ (၁၀-၁၅)အဆင့်)(အမျိုးသမီး)
၄း၄၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ပြည်သူ့ရေးရာအထူးပြု) (ပြည်သူ့ရေးရာ)
၅း၁၅ "Road to 27th SEA GAMES" (ဂျူဒို)
၅း၃၀ ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၄၅ ၂၀၁၂ ခုနှစ်(၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ (၁၀-၁၅)အဆင့်)(အမျိုးသမီး)
၆း၂၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅ ဆိုလိုက်ကြစို့
၇း၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ “အနာဂတ်ချစ်သူ” (အပိုင်း-၁၆)**
၈း၀၀ ပြည်တွင်းသတင်း
-၂၀၁၂ ခုနှစ်(၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆွေးနွေးခန်း (အတီးဘာသာရပ်)
-ချိုမြိန်ရသာမုန့်ကမ္ဘာ
-နိုင်ငံခြားဇာတ်လမ်းတွဲ “နှလုံးသားမြို့တော်” (အပိုင်း-၇)
-အိန္ဒိယရုပ်ရှင် “ကာကီရောင်ရဲ့ဂုဏ်သိက္ခာ” (အပိုင်း-၁)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝင်းအတွင်းမှစ၍ လေဆိပ်လမ်းတစ်လျှောက် ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

သွားတိုက်ကြပါ၊ သွားကို ဂရုစိုက်ကြပါ

အိသူ

ကျွန်မ ငယ်ငယ်တုန်းက နိုင်ငံခြားရုပ်ရှင်တွေ ကြည့်တော့ မင်းသမီးလေးက အိပ်ရာပေါ်မှာ အိပ်နေတုန်း သူ့အိမ်ဖော်က breakfast ဗန်းသယ်လာပြီး မင်းသမီးလေးကို နှိုး၊ မင်းသမီးလေးက အိပ်ရာကထ၊ နံနက်စာ စားသကိုး။

အဲဒါကြည့်ပြီး “ဟယ်. . မျက်နှာလည်း မသစ်ဘူး၊ ညစ်ပတ်လိုက်တာ”ပေါ့။ နောက်တစ်ခါ နောက်ကားတစ်ကား ကြည့်တော့လည်း အဲလိုပဲ။ မျက်နှာမသစ်၊ သွားမတိုက်ဘဲ မနက်စာ စားပြပြန်ရော။“အယ်. . . ဘယ်လိုလဲမသိဘူး။ သူတို့တိုင်းပြည်က လူတွေ မျက်နှာမသစ်၊ သွားမတိုက်ဘဲ အစားစားတယ်။ အံ့ဩပါရဲ့”ပေါ့။ နောက်ကားတွေလည်း အဲလိုအခန်းတွေပါရင် “အင်း-သူတို့လူမျိုးတွေ ညစ်ပတ်ကြတယ်ဟဲ့”ပေါ့။

နောက်မှ သူတို့တွေက ညအိပ်ခါနီး ရေချိုးရင်း သွားတိုက်ကြ၊ မျက်နှာသစ်ရင်း သွားတိုက်ကြလုပ်သကိုး။ ညအိပ်ခါနီး သွားတိုက်ထားတော့ တစ်ညလုံးအိပ်တာ ဘာအစာမှမရှိတော့ ခံတွင်းက ရှင်းနေတယ်လေ။ (သွားရည်တမြားမြား ကျတတ်တဲ့လူမျိုးတော့ မပါဘူးနော်)။ ဒါကြောင့် များသောအားဖြင့် မနက်စာ စားပြီးမှ သွားတိုက်ကြသကိုး။ အဲဒါတွေကို နောက်မှ နားလည်သွားပြီး ကျွန်မလည်း ညအိပ်ခါနီး မျက်နှာသစ်၊ သွားတိုက်၊ မနက်ကို မနက်စာစားပြီးမှ သွားတိုက်နဲ့ ဟန်ကျသွားတော့တယ်။

ကျွန်မတို့ငယ်ငယ်က ကျန်းမာရေး ဗဟုသုတနည်းတော့ သွားကိုဘယ်လိုနည်းစနစ်နဲ့တိုက်ရကောင်းမှန်း မသိဘူး။ နောက်မှ သတ္တမတန်းရောက်တော့ ကျွန်မတို့ ဒဂုံမြို့နယ် လမ်းစဉ်လူငယ်တွေရဲ့ နွေရာသီသင်တန်းမှာ သွားကျန်းမာရေးနဲ့ပတ်သက်ပြီး ကျန်းမာရေးဌာနက လာဟောပြောတော့မှ သွားကို ဘေးတိုက်မတိုက်ရဘူး။ အထက်အောက်တိုက်ပါ။ သွားဖုံးတွေနဲ့ လျှာကိုပါ တိုက်ပါ။ ညအိပ်ရာဝင် သွားတိုက်ပါ စသဖြင့် သွားနဲ့ ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်များကို သိတော့တယ်။

နောက် ကျွန်မငယ်ငယ်က သွားကြားထိုးတံ သုံးတယ်။ သွားကြားထိုးတံဟာ ရောဂါပိုးတွေကင်းစင်ထားခြင်းမရှိဘူး၊ သွားတွေကို ကျဲစေတယ်။ သွားကြားထိုးတံမရှိရင် ကြို့ရာနဲ့ သွားကြားထိုးတယ်။ ပိုက်ဆံအသစ်ရှိရင် ကတော့ပုံခေါက်ပြီး အချွန်လေးနဲ့ သွားကြားထိုးတာက အစပေါ့။ ပင်အပ်နဲ့တောင် သွားကြားထိုးဖူးတယ်။ အဲဒါတွေဟာ အန္တရာယ်တွေပါ။ ပိုက်ဆံဆိုရင် ဘယ်လောက်သစ်တယ်ပြောပြော ပိုးသတ်ထားတာမဟုတ်ဘူး။ လူတကာကိုင်နေတာ၊ ပင်အပ်က စူးမိရင် မေးခိုင်ရောဂါဝင်နိုင်တယ် စသဖြင့်ပေါ့။ အခု နောက်ပိုင်းမှာတော့ သွားကြားထိုးတံ မသုံးဘဲ သွားကြားထိုးကြိုး(Dental Floss)ကိုပဲ သုံးတော့တယ်။ နောက်ပြီး သွားတိုက်တံကိုလည်း မနက်တစ်ချောင်း၊ ညတစ်ချောင်းသုံးခြင်းအားဖြင့် သွားပွတ်တံတွေဟာ ၂၄ နာရီအတွင်း ခြောက်သွားတဲ့အတွက် ပိုးမွှားမကပ်တော့ဘူးပေါ့။ နောက် အစာစားပြီးတိုင်း ပလုတ်ကျင်း၊ တစ်နေ့လုံး ရေများများသောက်ပေါ့။ လစ်စရင်းအရည်(အပြာ၊ အဝါ) တွေလည်း သုံးပေးပေါ့။ သူကလည်း နေ့တိုင်းသုံးလို့ မကောင်းဘူးဆိုလို့ တစ်ရက်ခြားတစ်ခါ၊ နှစ်ရက်ခြားတစ်ခါ သုံးပေးတယ်။

နောက် သွားပွတ်တံနဲ့ သွားတိုက်တာ အကြိမ်များရင်လည်း မကောင်းဘူး။ တစ်နေ့ နှစ်ကြိမ်သာ ကောင်းတယ်။ များသွားရင် သွားမျက်နှာပြင်က “ကြွေ”တွေ ပျက်စီးကုန်တတ်တယ်။ ဒါကြောင့် မလိုအပ်ရင် သွားဖြူအောင်ဆိုပြီး ခဏခဏ ဆေးခန်းသွားပြီး သွားဖြူဆေးတွေနဲ့ မပွတ်တိုက်သင့်ပါဘူးတဲ့။ အဲလိုတွေ မှတ်သားခဲ့ရတာ အဖိုးတန်လှပါတယ်။

လူတွေက ကျန်းမာရေး ဂရုစိုက်ကြရာမှာ သွားကို ဂရုစိုက်ဖို့ မေ့နေကြတယ်။ နိုင်ငံခြားတိုင်းပြည်များမှာတော့ ခြောက်လတစ်ကြိမ်သွားကို စစ်ဆေးကြသတဲ့။ အဲဒါ ကောင်းသောအလေ့အကျင့်ပါ။ သွားကျန်းမာရေးနဲ့ပတ်သက်ပြီး ဘာလို့ ရေးပြနေလဲဆိုတော့ ကျွန်မ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်မှာ အလုပ်လုပ်နေတုန်းက Medical Seminar တစ်ခုကို လာတက်တဲ့ နိုင်ငံခြားသား ဆရာဝန်တစ်ယောက်နဲ့ စကားပြောဖြစ်တယ်။

ဟိုဟိုဒီဒီ ပြောကြရင်းနဲ့ “ မိသားစုရှိလား” တဲ့။ “ဟုတ်ကဲ့ ရှိတယ်။ အဖေရယ်၊ အမျိုးသားရယ်၊ သားတစ်ယောက်ရှိတယ်” ဆိုလိုက်တော့ “အမေက ဆုံးသွားပြီလား” တဲ့ “ဟုတ်ကဲ့” လို့ ဆိုတော့ သူက ခဏစဉ်းစားတယ်။ ပြီးတော့ တစ်ခွန်းတည်း မေးလိုက်တယ်။ “သူ့သွားတွေ ကောင်းခဲ့လား”တဲ့။ ကျွန်မ အံ့ဩသွားတယ်။ ဘာမှလည်းမဆိုင်ဘူး။ ဘာရောဂါနဲ့ ဆုံးတာလဲလည်း မမေးဘူး။ “မေမေ့သွားတွေ ကောင်းခဲ့လား” တဲ့။ ကျွန်မပါးစပ်လေး အဟောင်းသားနဲ့။ နောက်မှ “ဟုတ်တယ်။ မေမေ့သွားတွေ မကောင်းခဲ့ဘူး။ သူ့သွားတွေက ကျိုးတာမဟုတ်ဘူး။ ဒါပေမယ့် အပူအအေးသောက်ရင် သွားကျဉ်တယ်။ ဒါကြောင့် သွားတိုက်ဆေးကိုတောင် သွားဆရာဝန်တွေက ဆမ်ဆိုနိုင်းလို့ ခေါ်တဲ့ သွားတိုက်ဆေးနဲ့ပဲ တိုက်ရတယ်” လို့ပြောတော့ “ဖြစ်နိုင်ပါတယ်၊ မင်းအမေရဲ့ သွားအပေါ်ယံကကြွေတွေ မရှိတော့လို့ သွားတွေကျဉ်တာ။ ကြွေသွားတွေက ငါတို့စားလိုက်တဲ့ အစာတွေမှာ ပါလာတဲ့ ရောဂါပိုးတွေကို ကာကွယ်ပေးတယ်။ အခု မင်းအမေက ကြွေမရှိတော့တဲ့အတွက် infection ဝင်ရာကနေဖြစ်တာပဲ”ဆိုပြီး ရှည်ရှည်ဝေးဝေး ရှင်းပြပါတယ်။

ဖြစ်နိုင်ပါတယ်။ ကျွန်မမေမေက အရမ်းသန့်ပြန့်ပါတယ်။ ချောလည်း ချောမောလှပပါတယ်။ မေမေက သွားတိုက်ရင် အားနဲ့မာန်နဲ့ ဘေးတိုက်တိုက်ပြီး နည်းစနစ်မမှန်တော့ သွားကို လွှနဲ့ တိုက်သလိုဖြစ်နေခဲ့တာကိုး။ ဒါကြောင့် အပေါ်ယံကြွေသွားတွေ ပါးကုန်တာပေါ့။ အဲလို သွားမကောင်းခဲ့တာလည်း မေမေ့ကျန်းမာရေးချို့တဲ့ဖို့ အကြောင်းအရင်းတစ်ခု ဖြစ်ခဲ့မှာပါ။

လွန်ခဲ့သော ၁၅ နှစ်လောက်က ကျွန်မတို့ ချောင်းသာကမ်းခြေကို သွားလည်ကြတော့ ရောက်သွားတဲ့အချိန်က နေ့လယ်စာစားချိန်ဖြစ်နေရော။ ဒီတော့ ရောက်ရောက်ချင်းပဲ ပင်လယ်စာဟင်း ၁၀ မျိုးမှာစားကြတယ်။ ကဏန်း၊ ခုံး၊ ကမာ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါး စသဖြင့်ပေါ့။ ပျော်ပျော်ပါးပါးနဲ့ အဲဒါတွေစားပြီးတော့ မေမေနဲ့ ကျွန်မတို့ ပင်လယ်ထဲ ရေဆင်းချိုးတယ်။ ရေကူးနေရင်းနဲ့ ရင်ဘတ်အောင့်လာလို့ဆိုပြီး မေမေ ရေထဲက ချက်ချင်းပဲတက်လာတယ်။ တစ်နေ့လုံးမသက်သာဘူး။ ရင်ဘတ်အောင့်တယ်မပြောဘဲနဲ့ လည်ပင်းထဲမှာ တစ်ဆို့နေသလို အစာမကြေသလိုဖြစ်တယ်တဲ့။ ဒါကြောင့် ဝမ်းနုတ်ဆေးကျွေးတော့ ဝမ်းသွားပြီး နောက်ပိုင်းမှာ အိပ်ရာထဲလဲတော့တာပဲ။ ညပိုမိုးချုပ်လေ ပိုအောင့်လေ။ တအင်းအင်းနဲ့ ညည်းနေပြီး လှုပ်လို့မရတော့ဘူး။ ဒါကြောင့် ကျွန်မက သိပ်မသက်သာတော့ဘူး။ မေမေ့ကို မလှုပ်ခိုင်းရဲတော့ဘူး။ ဒါကြောင့် နောက်ဆုံးတော့ ဆရာဝန်လိုက်ရှာတာ

...ဖြင့် ပျိုးထောင်မျိုးစေ့ချပွဲ ကျင်းပ

...တ် အောက်တိုဘာ ၁

...တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ငလိုက်ဆည် ...ကုန်းကျေးရွာရှိ တောင်သူပညာပေးစိုက်ခင်း၌ ...မျိုးစပါးအား သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင် ...ပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ...မြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ... ဦးဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စိုက်ပျိုးရေး ...နိုင်ငံမှ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးပညာရှင်များ

...န်ကြီးများနှင့်အဖွဲ့သည် တောင်သူပညာပေး မျိုးသန့် ... မြေပဲ ၁၀ ဧကစိုက်ခင်းနှင့် အထူးအထွက်တိုး ...တို့ကို လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိ ...တွင်းရှိ စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုပြီး ...ကျိုးကျေးဇူးရရှိနိုင်ရေးအတွက် အစ-အလယ်-အဆုံး ...က်၍ ဈေးကွက်အရောက် လုပ်ဆောင်ပေးကြရန် ...သည်။ (သတင်းစဉ်)

...အေးမြင့်ကြူ စာတမ်းဖတ်ပွဲတက်ရောက်

...တ် အောက်တိုဘာ ၁

...ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့ ...a Plaza Hotel ၌ ကျင်းပသော Seminar on ... Myanmar Cultural Heritages Sites and ...ted" အခမ်းအနားသို့ တက်ရောက်၍ အမှာစကား

...င်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Pisanu ...စကား ပြောကြားသည်။
... ဒေါက်တာဒေါ်ခင်ဆွေမြင့် (Coordinator for ...dation for International Human Resource ... General Secretary Professor Dr. Chira ...မှုနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ...urism Education) ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ...သည်။
...က်ကြားကြပြီး အဆိုပါစာတမ်းဖတ်ပွဲကို အောက်တို ...ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုရီးယားပုံစံ စံပြကျေးရွာများအား ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း သွားရောက်ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာ၌ သမဝါယမဝန်ကြီးဌာနက ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) အကူအညီဖြင့် ကိုရီးယားကျေးရွာသစ်ပုံစံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် စက်တင်ဘာ ၂၈ ရက်တွင် သွားရောက်ကြည့်ရှုအားပေးရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Hae-Yong၊ ကျွမ်းကျင်သူ Mr. SONG , Jung Geun၊ သမဝါယမသင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး ဦးသောင်းနိုင်နှင့် ကိုရီးယားသို့သွားရောက်လေ့လာခဲ့သည့် ကျေးရွာအစုအဖွဲ့ ခေါင်းဆောင် ဦးကြည်ဝင်းနိုင်တို့က ကျေးရွာဖွံ့ဖြိုးရေးနှင့် ဝင်ငွေတိုးရေးစီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ကျေးရွာအတွင်း လမ်းများ ပြုပြင်ထားရှိမှုနှင့် စုပေါင်းခန်းမ ဆောက်လုပ်မည့်မြေနေရာတို့ကို သွားရောက်ကြည့်ရှုခဲ့သည်။

ယင်းနောက် စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) အကူအညီဖြင့် ကိုရီးယားကျေးရွာသစ်ပုံစံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ တံတားတည်ဆောက်ပြီးစီးမှု၊ သောက်သုံးရေရရှိရေး ဆောင်ရွက်မှုနှင့် ဝင်ငွေတိုးအစီအစဉ်များကို သွားရောက်ကြည့်ရှုအားပေးပြီး ကျေးရွာသူကျေးရွာသားများအား လူမှုစီးပွားရေးအခြေအနေများကို ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်း၍ **(အောက်ပုံ)** နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ ယခုကဲ့သို့ အခြားနိုင်ငံများတွင် ဆောင်ရွက်နေသည့် လုပ်နည်းလုပ်ဟန်များကို လက်တွေ့လေ့လာပွားများ ဆောင်ရွက်နိုင်ရန် စီစဉ်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ယင်း ကိုရီးယားကျေးရွာသစ်ပုံစံ မစတင်မီ ကျေးရွာတစ်ရွာလျှင် ခြောက်ဦးစီအား ကိုရီးယားနိုင်ငံသို့ သွားရောက်လေ့လာစေခဲ့ကြောင်း၊ ကျေးရွာသစ်ပုံစံ ဆောင်ရွက်မည့် ကျေးရွာရွေးချယ်ရာတွင် စည်းလုံးညီညွတ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်နိုင်စွမ်းရှိမည့် ကျေးရွာကို ဦးစားပေးရွေးချယ်ခဲ့ကြောင်း၊ ကျေးရွာခေါင်းဆောင်ကိုလည်း ကျေးရွာသားများဆန္ဒဖြင့် ဦးဆောင်နိုင်မည့် အရည်အချင်းရှိသူအား ရွေးချယ်ကြောင်း၊ ကျေးရွာသားများ၏ဆန္ဒဖြင့် ညီညွတ်စွာပူးပေါင်းပါဝင်ရေးကို အခြေခံကြောင်း သိရှိရသည်။

ဆက်လက်၍ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြို့ပြဆင်းရဲမှု လျှော့ချရေးလုပ်ငန်း၌ အရေးပါသော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်သည့် အထည်ချုပ်လုပ်ငန်းများအား စီးပွားရေးပိတ်ဆို့မှု ဖြေလျှော့ချိန်၌ အထည်ချုပ်စက်ရုံများ ပိုမိုတိုးချဲ့ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရေး၊ တိုးတက်လာမည့် စက်ရုံအလုပ်ရုံများအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေး သင်တန်းများ တိုးချဲ့ဖွင့်လှစ်စီစဉ်ရေး တို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ စက်ရုံ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပုဏ္ဏားကျွန်းမြို့၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်းမြို့၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသစ်ခန့်အပ်သော နည်းပြ၊ သရုပ်ပြများအတွက် အရည်အချင်းမြှင့်သင်တန်းများ ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၁

တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ အသစ်ခန့်အပ်သော နည်းပြ၊ သရုပ်ပြ ၁၅၇၃ ဦးအား ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မော်လမြိုင်တက္ကသိုလ်တို့၌ အရည်အချင်းမြှင့်သင်တန်းများကို အောက်တိုဘာ ၁ ရက်မှ စတင်၍ နှစ်လကြာ ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးလျက်ရှိပြီး အဆိုပါသင်တန်းများတွင် ဘာသာရပ်ဆိုင်ရာ ပညာရပ်များအပြင် ဆရာအတတ် ပညာရပ်များကိုပါ သင်ကြားပေးမည်ဖြစ်သည်။

အသစ်ခန့်အပ်သော အင်္ဂလိပ်စာနည်းပြများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း(၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

...ဂုက ခဏစဉ်းစားတယ်။ ပြီးတော့ တစ်ခွန်းတည်း ... ကောင်းခဲ့လား"တဲ့။ ကျွန်မ အံ့သြသွားတယ်။ ...ဂါနဲ့ ဆုံးတာလဲလည်း မမေးဘူး။ "မေမေ့သွားတွေ ...ပ်လေး အဟောင်းသားနဲ့။ နောက်မှ "ဟုတ်တယ်။ ...။ သူ့သွားတွေက ကျိုးတာမဟုတ်ဘူး။ ဒါပေမယ့် ...ကျဉ်တယ်။ ဒါကြောင့် သွားတိုက်ဆေးကိုတောင် ...င်းလို့ ခါ်တဲ့ သွားတိုက်ဆေးနဲ့ပဲ တိုက်ရတယ်" ...င်းအမေရဲ့ သွားအပေါ်ယံကြွေတွေ မရှိတော့လို့ ...တွက ငါတို့စားလိုက်တဲ့ အစာတွေမှာ ပါလာတဲ့ ...တယ်။ အခု မင်းအမေက ကြွေမရှိတော့တဲ့အတွက် ...ပဲ"ဆိုပြီး ရှည်ရှည်ဝေးဝေး ရှင်းပြပါတယ်။ ...မေက အရမ်းသန့်ပြန့်ပါတယ်။ ချောလည်း ချောမော ...က်ရင် အားနဲ့မာန်နဲ့ ဘေးတိုက်တိုက်ပြီး နည်းစနစ် ...လိုဖြစ်နေခဲ့တာကိုး။ ဒါကြောင့် အပေါ်ယံကြွေသွား ...းမကောင်းခဲ့တာလည်း မေမေ့ကျန်းမာရေးချို့တဲ့ဖို့ ...ာပါ။ ...က်က ကျွန်မတို့ ချောင်းသာကမ်းခြေကို သွားလည် ...ာ နေ့လယ်စာစားချိန်ဖြစ်နေရော။ ဒီတော့ ရောက် ... ၁၀ မျိုးမှာစားကြတယ်။ ကဏန်း၊ ခုံး၊ ကမာ၊ ...ဖြင့်ပေ့ါ။ ပျော်ပျော်ပါးပါးနဲ့ အဲဒါတွေစားပြီးတော့ ...ရေဆင်းချိုးတယ်။ ရေကူးနေရင်းနဲ့ ရင်ဘတ်အောင့် ...က်ချင်းပဲတက်လာတယ်။ တစ်နေ့လုံးမသက်သာဘူး။ ...နဲ့ လည်ပင်းထဲမှာ တစ်ဆို့နေသလို အစာမကြေ ...မ်းနုတ်ဆေးကျွေးတော့ ဝမ်းသွားပြီး နောက်ပိုင်းမှာ ...ပိုမိုးချုပ်လေ ပိုအောင့်လေ။ တအင်းအင်းနဲ့ ...ူး။ ဒါကြောင့် ကျွန်မက သိပ်မသက်ာတော့ဘူး။ ... ဒါကြောင့် နောက်ဆုံးတော့ ဆရာဝန်လိုက်ရှာတာ အဲဒီအချိန်က ဆေးရုံမှာ ဆရာဝန်မတစ်ယောက်ပဲ ရှိတယ်တဲ့။ မိန်းကလေးသွားခေါ်ရင် လိုက်လိုလိုက်ငြားဆိုပြီး ကျွန်မက ကားမောင်း၊ ကျွန်မယောက်မ မဝေက ဘေးကလိုက်။ ဟိုတယ်ဝန်ထမ်းလေးကို နေရာပြဖို့ ခေါ်သွားတယ်။ ဆေးရုံမှာ ဆရာဝန်မရှိသော်ငြားလည်း ဟိုတယ်ကို မလိုက်နိုင်ဘူးဆိုလို့ ကောက်ရိုးတစ်မျှင် ဆုပ်ကိုင်သလိုမျိုး ဆေးရုံဝင်းထဲမှာနေတဲ့ ဘလူးနပ်စ်မကို အသည်းအသန်လိုက်ရှာရတယ်။ နပ်စ်နဲ့ သူ့အမျိုးသားကို အသွားအပြန် ကားနဲ့ကြို ပို့လုပ်ပေးတော့ ဟိုတယ်လိုက်လာပြီး ဆေးထိုးပေးတယ်။ နောက်နေ့ မနက်ချက်ချင်းပဲ ရန်ကုန်ပြန်လာကြတယ်။ အဲဒီတုန်းက ဇက်နှစ်ခါကူးရတဲ့ ခေတ်ပေ့ါ။ ဒါကြောင့် ရန်ကုန်ပြန်ရောက်တော့ မိုးချုပ်နေပြီ။

နောက်နေ့မနက် ဆေးခန်းသွားပြတော့ ချက်ချင်းကို ဆေးရုံတင်ခိုင်းတော့တာပဲ။ အီးစီဂျီရိုက်တာ အပေါ်အောက်လိုင်းတွေကို သိသိသာသာ ချွန်ထွက်နေတာတွေ့ရတယ်။ ခါတ်မှန်ရိုက်ကြည့်တော့ နှလုံးက အက်ကွဲနေတာကို တအံ့တသြ မြင်လိုက်ရတာပါပဲ။ နှလုံးကိုသွားတဲ့ သွေးကြောသုံးချောင်းက နှစ်ချောင်းက အက်တဲ့အထဲပါသွားပြီး သွေးကြောတစ်ချောင်းတည်းနဲ့ နှလုံးကို အလုပ်လုပ်ပေးနေတာ။ ပင်လယ်စာတွေကို စားလိုက်တော့ အဲဒီက infection ဝင်ရာကနေ နှလုံးကို ညှစ်လိုက်သလိုဖြစ်ပြီး နှလုံးအက်သွားတာပါတဲ့။ အဲဒီတုန်းက နှလုံးအစားထိုးတာ ဘာညာတွေ သိပ်ခေတ်မစားသေးပါဘူး။ ဆရာဝန်ကြီးက "ခင်ဗျားတို့ ပိုက်ဆံရှိလို့ လေယာဉ်စင်းလုံးငှားပြီး နိုင်ငံခြားသွားကုနိုင်ရင်တောင်မှ အဲဒီလေယာဉ်ဒဏ်ကို ခံနိုင်မယ်မထင်ဘူး" လို့ ပြောခဲ့ပါတယ်။

ဆရာဝန်ကြီးက ခြောက်လပဲ ခံမယ်ပြောခဲ့ပေမယ့် ဖေဖေနဲ့ ကျွန်မတို့ မိသားစုရဲ့ မေတ္တာ၊ ဂရုစိုက်မှုနဲ့ မေမေ့ရဲ့ ခံနိုင်ရည်ရှိမှုတို့ကြောင့် မေမေဟာ ဆေးရုံခြောက်ခါတိတိတက်လိုက်ရပြီး နောက်ဆုံး နှစ်နှစ်နဲ့ နှစ်လတိတိ ရောဂါခံစားကာ ဆုံးပါးသွားခဲ့ပါတယ်။ မေမေဆုံးတော့ အသက် (၅၆)နှစ်ပါ။

ဒါကြောင့် စာဖတ်သူပရိသတ်ကြီးကိုလည်း သွားကျန်းမာရေးကို ဂရုစိုက်စေချင်ပါတယ်။ ဖြစ်နိုင်ရင် မနက်တစ်ခါက် ညတစ်ခါက်လောက်တော့ သွားမှန်မှန်တိုက်ပေးကြပါလို့ တိုက်တွန်းချင်ပါတယ်ရှင်။ ။

နေပြည်တော် လယ်ဝေးမြို့နယ်၌ အိမ်မွေးတိရစ္ဆာန်(ခွေး)များအား ကာကွယ်ဆေးထိုးနှံပေး

နေပြည်တော် အောက်တိုဘာ ၁

နေပြည်တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန်အဖွဲ့သည် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များသို့ စက်တင်ဘာ ၂၇ ရက်တွင် သွားရောက်၍ အိမ်မွေးတိရစ္ဆာန်(ခွေး) ငယ်စာရင်းများ ပြုစု၍ မှတ်ပုံတင်စာအုပ်၌ ပိုင်ရှင်၊ မျိုးစိတ်၊ မျိုးရိုး၊ အထီး၊ အမ၊ အသက်၊ ထင်ရှားအမှတ်အသားနှင့် အရောင်၊ ကိုယ်အလေးချိန် အတိုင်းအတာ၊ ပုံပန်းသဏ္ဍာန်များကောက်ခံရေးသွင်းခြင်း၊ အိမ်မွေးတိရစ္ဆာန်(ခွေး) မွေးမြူခွင့်လျှောက်လွှာများ လက်ခံမှတ်တမ်းတင်ခြင်း၊ ခွေးရူးရောဂါကာကွယ်ဆေး (Anti-rabies Vaccine) ထိုးနှံပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပြီးကြောင်း မှတ်တမ်းကတ်ပြားများ ထုတ်ပေးခြင်းနှင့် ပိုင်ရှင်အသိအမှတ်ပြုလည်ပတ်များ တပ်ဆင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ခွေး ၅၉ ကောင်အတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် အိမ်မွေးတိရစ္ဆာန်များတွင် ထိုးနှံရမည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ရာသီအလိုက် ဖြစ်ပွားတတ်သည့်ရောဂါများမှ ကာကွယ်ကုသခြင်း လုပ်ငန်းများအား နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ရှစ်မြို့နယ်အတွင်း စီမံချက်ချမှတ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် အောက်တိုဘာ ၁

နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ အင်းလေးဒေသ ဆီဆုံရွာ ဆီဆုံကျောင်းတိုက် ပဓာနနာယကဆရာတော် သက်တော်(၉၀) သိက္ခာတော် (၇၁)ဝါရှိ ဘဒ္ဒန္တ နန္ဒောဘာသမဟာထေရ်သည် (၁၃၇၄ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်) စက်တင်ဘာ ၂၉ ရက် (စနေနေ့) နံနက် ၄ နာရီ ၃၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၂/၂၀၁၂) တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ဖွဲ့စည်းပုံစည်းမျဉ်းမူကြမ်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီးလွှတ်တော်၏ အကြံပြုချက်တို့ကို မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့သို့ ပေးပို့ရန်ဆုံးဖြတ်ပြီး အထူးအစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၂)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကအငှားယာဉ်များပြေးဆွဲရေး ဥပဒေကြမ်းနှင့် တနင်္သာရီတိုင်းဒေသကြီး ကုန်တင်ကုန်ချအလုပ်သမား ဥပဒေကြမ်းတို့ကို အတည်ပြုခြင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်းသည့် (၆)လပတ်အစီရင်ခံစာကို ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ အဆို(၁)ခုနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်းတို့ ဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၄၂ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အေးသာယာစက်မှုဇုန်၌ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ဌာနဆိုင်ရာများ၊ စီးပွားရေးပညာရှင်များ၊ ကုန်သည်ကြီးများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များ၊ စက်မှုဇုန်တာဝန်ခံနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပခုက္ကူ၌ ဆိုင်ကယ်လိုင်စင်ပြုလုပ်သူများပြား

ပခုက္ကူ အောက်တိုဘာ ၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့တွင် ဇွန် ၅ ရက်မှ အောက်တိုဘာ ၄ ရက်ထိ မော်တော်ဆိုင်ကယ်များကို တရားဝင်စီးနင်းခွင့် လိုင်စင်ရရှိရေးအတွက် ပြုလုပ်ပေးလျက်ရှိရာ နောက်ဆုံးရက်နီးလာသဖြင့် ဆိုင်ကယ်လိုင်စင်ပြုလုပ်သူများ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြား၍ နေရာကျယ်ဝန်းသော ခရိုင်အားကစားကွင်းအတွင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ရကြောင်း သိရသည်။

ယခင်က ပခုက္ကူမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးဝန်းကျင်တွင် ပြုလုပ်ပေးလျက်ရှိရာ ကုန်ဆုံးရက်နီးလာ၍ ဆိုင်ကယ်လိုင်စင်ပြုလုပ်သူများ များပြားလာခြင်း၊ အနီးပတ်ဝန်းကျင်အိမ်များအတွက် ဆူညံခြင်း၊ အညစ်အကြေးများ ပေကျံခြင်းများကြောင့် သက်ဆိုင်ရာ၏ခွင့်ပြုမိန့်ဖြင့် နေရာကျယ်ဝန်းသော အမှတ်(၆)ရပ်ကွက် (၁၄)လမ်းရှိ ခရိုင်အားကစားဘောလုံးကွင်းအတွင်းသို့ စက်တင်ဘာ ၂၄ ရက်မှစ၍ ပြောင်းရွှေ့လုပ်ကိုင်ဆောင်ရွက်ပေးရာ တစ်နေ့လျှင် အစီး ၅၀၀ ကျော်မှ ၆၀၀ ကျော်ခန့်အထိ ပြီးစီးသည်။

အနယ်နယ်အရပ်ရပ်မှ လိုင်စင်ပြုလုပ်သူများပြားသဖြင့် ခရိုင်အားကစားကွင်းအတွင်းအပြင်တွင် ဆိုင်ကယ်များတန်းစီ၍ ထိုးထားပြီး ညအိပ်စောင့်ဆိုင်းဆောင်ရွက်ကြရာ အကျိုးဆောင်ခအနေဖြင့် ယခင် ကျပ် ၅၀၀၀၊ ၁၀၀၀၀ မှ ယခုရက်များတွင် ကျပ် ၁၅၀၀၀၊ ၂၀၀၀၀ထိ ပေးကြရသဖြင့် အကျိုးဆောင်များ အလုပ်ဖြစ်၍ ဝင်ငွေကောင်းနေကြောင်း သိရသည်။

(၅၇၁)

ဥ တု ရာ သီ ဧ တ ၁ ကို မှီ ၏

မိတ္ထီလာ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဗိုလ်လုပွဲကျင်းပ

မိတ္ထီလာ အောက်တိုဘာ ၁

မိတ္ထီလာမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မြို့နယ်အားကစားကွင်း(ပေါက်ချောင်းကွင်း)၌ စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီတွင် ကျင်းပသည်။ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် သိရီမင်္ဂလာအသင်းနှင့် ရန်မျိုးအောင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပွဲပြီးဆုံးချိန်အထိ တစ်ဖက် တစ်ဂိုးစီသရေကျနေသဖြင့် ပင်နယ်တီအဆုံးအဖြတ်ကန်သွင်းခဲ့ရာ သိရီမင်္ဂလာအသင်းက ရန်မျိုးအောင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် ဒုတိယဆုရရှိသော ရန်မျိုးအောင်အသင်းကိုဆုတံဆိပ်နှင့် ငွေသားဆုတို့ကိုလည်းကောင်း၊ ပထမဆုရ သိရီမင်္ဂလာအသင်းကို ငွေသားဆုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလားတို့ကိုလည်းကောင်း အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက်မှ ၃၀ ရက်အထိ ကျင်းပပြီး အသင်းပေါင်း ၁၉ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **(ဇင်ဘို)**

ဘောလုံးလောကသတင်းတိုများ

- *ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်က ကွင်းလယ်ကစားသမားလမ်းပတ်နှင့် ဘယ်နောက်တန်းကစားသမား အက်ရှ်လေကိုးလ်တို့ကို တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကမ်းလှမ်းမည်ဖြစ်ကြောင်း သိရသည်။*
- *အရှေ့အလယ်ပိုင်း ကုမ္ပဏီတစ်ခုဖြစ်သည့် GFH Capital က ချန်ပီယံရှစ်ကလပ်မှ လိစ်ယူနိုက်တက်အသင်းကို ဝယ်ယူလိုကြောင်း အောက်တိုဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။*
- *မန်ယူအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကလုချ်အသင်းကို လွယ်လွယ်ဖြင့် အနိုင်မရရှိနိုင်ကြောင်း တိုက်စစ်မှူး ရွန်းနီက ပြောကြားခဲ့သည်။*
- *ဘလက်ဘန်းအသင်းမှ တင်ရှာဝုဒ်အား နည်းပြအဖြစ် ချဉ်းကပ်လာမှုကို တော့တင်ဟမ်ဟော့စပါးအသင်းက ပယ်ဖျက်လိုက်ကြောင်း သိရသည်။*
- *မန်ယူကွင်းလယ်ကစားသမား ဒါရက်ဖလက်ချာသည် မန်ယူအသင်းတွင် ၁၀ လကြာကစားပြီးနောက် စကော့တလန်သို့ပြန်ရန် အသင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။*
- *မန်စီးတီးတိုက်စစ်မှူး အဂူရိုသည် ဖူလ်ဟမ်အသင်းအား အနိုင်ရရှိခဲ့ပြီးနောက် မန်စီးတီးအသင်း၌ ကစားရသည်ကို ပျော်ရွှင်မိကြောင်း ပြောကြားခဲ့သည်။*

ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုများကို ရရှိသွားသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းများကို တွေ့ရစဉ်။

(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁

၂၀၁၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းများက ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တတိယဆုရ မြန်မာ့လက်ရွေးစင် လူငယ်အမျိုးသမီးဘော်လီဘောအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၁

ထိုင်းနိုင်ငံ Nakhonpathom မြို့၌ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် လူငယ်အမျိုးသမီးဘော်လီဘောအသင်းသည် စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင် ထိုင်း၊ ဗီယက်နမ်၊ ထိုင်း(၂)နှင့် မြန်မာဘော်လီဘောအသင်းများ အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ပြီး ဗိုလ်လုပွဲတွင် ထိုင်းအသင်းက ထိုင်း(၂)အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကာ ပထမရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(လူငယ်)အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသော မြန်မာ့လက်ရွေးစင် လူငယ်အမျိုးသမီး ဘော်လီဘောအသင်း ဆုလက်ခံပြီးတွေ့ရစဉ်။ (ဘော်လီဘောအဖွဲ့ချုပ်)

ကစားသမားဘဝတစ်လျှောက်လုံး ချယ်လ်ဆီး၌သာကစားမည့် တောရက်

လန်ဒန် အောက်တိုဘာ ၁

ချယ်လ်ဆီးအသင်း၏ အားထားရသည့် စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်**(ဓါတ်ပုံ)**သည် မိမိ၏ကစားသမားဘဝမှ အနားယူချိန်အထိ ချယ်လ်ဆီးအသင်း၌သာ ကစားတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

စပိန်ကြယ်ပွင့် ဖာနန်ဒိုတောရက်သည် ၂၀၁၀ ခုနှစ် ဇန်နဝါရီလတွင် လီဗာပူးအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ဖြင့် ရောက်ရှိလာခဲ့သူဖြစ်သည်။ စတမ်းဖို့ဘရစ်ချ်သို့ ရောက်လာချိန်မှစ၍ လက်ရှိအချိန်သည် အကောင်းဆုံးအချိန်ဖြစ်သည်ဟု ဆိုသည်။

တိုက်စစ်မှူး တောရက်သည် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီမတိုင်မီအထိ ချယ်လ်ဆီးအသင်းကစားသမားများအတွက် ၆၇ ပွဲတွင် ၁၂ ဂိုးသာ ဖန်တီးပေးနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ၁၀ ပွဲကစားရာ၌ ငါးဂိုးစံချိန်တင် သွင်းယူပေးခဲ့ပြီးဖြစ်သည်။

တောရက်သည် ယခင်က ကွင်းလယ်ဖန်တီးရှင်အဖြစ် ပြောင်းလဲကစားခဲ့ရသော်လည်း လက်ရှိတွင် ချယ်လ်ဆီးအသင်းက အော်စကာ၊ အေဒင်ဟားဇက်နှင့် မာကိုမာရင်တို့ကို ခေါ်ယူထားခဲ့ခြင်းကြောင့် ကွင်းလယ်မှ ၎င်းအား ပံ့ပိုးပေးမည့် ကစားသမားများရောက်ရှိလာ၍ ကွင်းလယ်သို့ဆင်းစရာမလိုဘဲ တိုက်စစ်ပိုင်း၌သာ ကစားနေရကြောင်းလည်း တောရက်က ပြောကြားခဲ့သည်။

ယခုရာသီသည် မိမိအတွက် အကောင်းဆုံးအချိန်ဖြစ်၍ ကစားသမားဘဝတစ်လျှောက် ချယ်လ်ဆီး၌သာ ကစားတော့မည်ဖြစ်ကြောင်း အသင်းဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြခဲ့သည်။ ***အင်တာနက်။***

ဒမ်ဘာဘာအား လီဗာပူးအသင်း စိတ်ဝင်စားနေ

လန်ဒန် အောက်တိုဘာ ၁

လီဗာပူးအသင်းမန်နေဂျာ ဘရန်ဒန်ရော့ဂျာသည် နယူးကာဆယ်အသင်းမှ တိုက်စစ်မှူး ဒမ်ဘာဘာ**(ယာပုံ)**အား ခေါ်ယူလိုကြောင်း ပြောကြားလာသည်။

နယူးကာဆယ်အသင်းကလည်း တိုက်စစ်မှူး ဒမ်ဘာဘာ၏ စာချုပ်သစ်ချုပ်ဆိုရေးကမ်းလှမ်းလာမှုကို ငြင်းပယ်မည့်အနေအထားတွင် ရှိနေသောကြောင့် လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာအတွက် ကစားသမားသစ်ခေါ်ယူမည့် အခွင့်အရေးတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

ဆီနီဂေါတိုက်စစ်မှူး ဒမ်ဘာဘာသည် လက်ရှိလုပ်ခလစာပေါင် ၇ ဒသမ ၅ သန်းရရှိထားပြီး နယူးကာဆယ်အသင်းအနေဖြင့် တစ်ပတ်လုပ်ခလစာ ပေါင် ၅၀၀၀၀ အထိ တိုးမြှင့်ပေးရန် တောင်းဆိုခဲ့သော်လည်း အဆင်မပြေဖြစ်ခဲ့၍ ဒမ်ဘာဘာ၏ တောင်းဆိုမှုကို ၎င်းအားခေါ်ယူလိုနေသည့် လီဗာပူးအသင်းက ဖြည့်ဆည်းပေးမည်ဟု ဆိုသည်။

လီဗာပူးအသင်းသည် လက်ရှိတိုက်စစ်နေရာအတွက် ဘိုရီနီ၊ လူးဝစ်ဆွာရတ်နှင့် စတာလင်တို့ကိုသာ အဓိကအားထား၍ ကစားနေရသောကြောင့် တိုက်စစ်အင်အားထပ်မံဖြည့်တင်းရန် နယူးကာဆယ်တိုက်စစ်မှူး ဒမ်ဘာဘာကို ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်း၌ မပျော်ရွှင်တော့သည့် တိုက်စစ်မှူး ဒမ်ဘာဘာကို အသင်းမှ ထွက်ခွာခွင့်ပြုမည်ဟု ဆိုခဲ့သောကြောင့် လီဗာပူးအသင်းကလည်း တိုက်စစ်မှူးအန်နီကာရိုးနေရာတွင် အစားထိုးရန်လည်း မျှော်လင့်ထားသည်ဟု ဆိုသည်။ ***အင်တာနက်။***

နိုင်လင်းကြည်

ရွှေဆွဲကြိုးအတုလာရောင်းသူအား ဖမ်းဆီးမိ

မော်လူး အောက်တိုဘာ ၁

စက်တင်ဘာ ၂၈ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ ရပ်ကွက်(၃)ရှိ စိုးမျိုးညီရွှေဆိုင်သို့ ရွှေအလေးချိန် ၁ ကျပ် ၄ ပဲ ၆ ရွေး ၁ ချမ်းရှိသော မက်ဒေါနအပွရွှေဆွဲကြိုးတစ်ကုံး လာရောက်ရောင်းချသဖြင့် ရွှေဆိုင်ပိုင်ရှင် ဦးတင်ရွှေက မှတ်ကျောက်တင်ပွတ်တိုက်ကြည့်ရာ အတုဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။ ထွန်းလင်း အသက်(၃၀)နှစ်**(ဓါတ်ပုံ)** (ကျပန်း) မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်နေသူသည် နံပါတ်မပါ YINXANG ဆိုင်ကယ် 125 အနက်ရောင်ဖြင့် ရွှေဆွဲကြိုးအတုကို ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါရွှေအတုလာရောက်ရောင်းချသူ ထွန်းလင်းအား မော်လူးရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၆၅၈)

ဆိုင်ကယ်တွန်းလာသူအား မသင်္ကာ၍ ခေါ်ယူစစ်ဆေးရာ ခိုးယူလာကြောင်း သိရ

မန္တလေး အောက်တိုဘာ ၁

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၈)ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ချစ်ကိုကိုနှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၉ ရက် နံနက် ၃ နာရီခွဲခန့်တွင် နယ်မြေတွင်းလှည့်ကင်းဆောင်ရွက်နေစဉ် မောရဂီရပ်ကွက် (၃၂)လမ်းနှင့် (၃၃) လမ်း၊ (၇၃)လမ်း နှင့် (၇၄)လမ်းကြားတွင် မသင်္ကာဖွယ်တွေ့ရှိသည့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ရှမ်းစုကျေးရွာနေ မျိုးဝင်းဦး(ခ)ဝေသူ(၁၈)နှစ်အား ၎င်းတွန်းယူလာသည့် အိန္ဒိယနိုင်ငံလုပ် ယာမဟာအမျိုးအစား FZ အနက်ရောင်ဆိုင်ကယ်နှင့် ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ယူစစ်ဆေးရာ ၎င်းဆိုင်ကယ်ကို (၃၂)လမ်းနှင့် (၃၃)လမ်းကြား၊ (၇၆)လမ်းနှင့် (၇၇)လမ်းကြား နေအိမ်ဝင်းအတွင်းမှ ခိုးယူလာကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဆိုင်ကယ်ကို သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး မျိုးဝင်းဦး(ခ)ဝေသူအား အမှတ်(၈)ရဲစခန်းက (ပ)၅၂၅/၂၀၁၂ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉/၅၄ (ဆိုင်ကယ်)ဖြင့် အမှုဖွင့်အရေးယူထား ကြောင်းသိရသည်။ (သီဟကိုကို)

မြို့လုလင်ဘူတာအထွက်တွင် လူနှစ်ဦး ရထားကြိတ်သေဆုံး

မကွေး အောက်တိုဘာ ၁

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြို့လုလင်ဘူတာအထွက်တွင် လူနှစ်ဦး ရထားကြိတ်၍ သေဆုံးနေကြောင်း သိရသည်။ ဖြစ်စဉ်မှာ မီးရထားစက်ခေါင်းမောင်း ဦးဝင်းသန်းမောင်းနှင်လာသော (၁၀၆)အစုန် ကြေးနီ-တောင်တွင်းကြီး လူစီးလော်ကယ်စက်ခေါင်းအမှတ် DF-1619 သည် မြို့လုလင်ဘူတာမှအထွက် မိုင်တိုင်အမှတ်(၃၀၁/၃)နှင့် (၃၀၁/၄)အကြားတွင် စက်တင်ဘာ ၂၆ ရက် ည ၁၂ နာရီကျော်ခန့်တွင် ရထားအရောက် ရထားလမ်းပေါ်၌ အိပ်နေသော အမည်မသိ အမျိုးသားနှစ်ဦးအား ကြိတ်မိ၍ သေဆုံးကြောင်း တောင်တွင်းကြီးမြို့ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်မြင့်ဇော်အား တောင်တွင်းကြီးဘူတာ ရုံပိုင်ကြီး ဦးစိုးလှက သတင်းပေးပို့သဖြင့် သတင်းအရ ဒုတိယရဲအုပ်မြင့်ဇော် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ဘူတာသို့ ချက်ချင်းသွားရောက်စုံစမ်းရာ အမည်မသိ အမျိုးသားနှစ်ဦးအနက် တစ်ဦးမှာ အသက် (၂၅)မှ (၃၀)အကြား အင်္ကျီအဖြူလက်တို၊ ပုဆိုးအစိမ်းကွက်နှင့်ဖြစ်ပြီး ကျန်တစ်ဦးမှာ အသက်(၂၅)နှစ်မှ (၃၀)အကြား အင်္ကျီအစိမ်းကွက် လက်တို၊ ပုဆိုးအနီကွက်ဝတ်ဆင်ထားပြီး သေဆုံးနေသည်ကို တွေ့ရှိရကာ ၎င်းတို့နှစ်ဦးတွင် ကြွက်ထိုးလုပ်ကိုင်သည့် တောစီးဖိနပ်ရှည်နှစ်ခု၊ လွယ်အိတ်နှစ်လုံး ကြွက်ဆယ်ကောင်ခန့်ပါရှိကြောင်း သိရသဖြင့် မြို့သစ်မြို့နယ်မှူးရုံးနှင့် မြို့သစ်ရဲစခန်းတို့အားအကြောင်းကြားပြီး အမည်မသိ အလောင်းနှစ်လောင်းအား တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ရဲဆေးစာဖြင့် ပို့ထားကြောင်း သိရှိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြို့သစ်ရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ်-၇/၂၀၁၂ ဖြင့် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၅၈၀)

တောင်ငူတွင် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ရေနစ်သေဆုံး

ပဲခူး အောက်တိုဘာ ၁

တောင်ငူမြို့ သံတောင်လမ်း မီးသတ်ဦးစီးဌာနဝင်းအတွင်း၌ စက်တင်ဘာ ၂၄ ရက်တွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထင်အောင်လင်း ကင်းစစ်ဆေးစဉ် ကင်းတာဝန်ကျသည့် တပ်သားရန်နိုင်ကို မတွေ့ရှိသဖြင့် ဝိုင်းဝန်းရှာဖွေကြရာ မီးသတ်ဝင်းအတွင်းရှိ ရေတွင်း၌ ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရသည်။ ခရိုင်မီးသတ်ဦးစီးမှူးက တောင်ငူအမှတ်(၁)ရဲစခန်းသို့ အကြောင်းကြားသဖြင့် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ တပ်သားရန်နိုင်၏အလောင်းကို မီးသတ်ယူနီဖောင်းဖြင့်(ဖိနပ်မပါ) ပြင်ပဒဏ်ရာမရှိဘဲ ရေတွင်းအတွင်း၌ သေဆုံးနေကြောင်း တွေ့ရှိရ၍ တောင်ငူအမှတ်(၁)ရဲစခန်းက သေမှုသေခင်း ၁၇/၂၀၁၂ အရ စခန်းမှူး ရဲအုပ်ကျော်တင်ဦးက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ (၄၀၃)

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
ဝုဒ်ဖရီးစက္ကူများအခြားစက္ကူများ၊ မင်၊ ဖလင်၊ ပလိပ်၊ ပုံနှိပ်ရေးပစ္စည်းများနှင့်စက်အရန်ပစ္စည်းများ
ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်လျက်ရှိသည့် အောက်ဖော်ပြပါ ဝုဒ်ဖရီးစက္ကူများ၊ အခြားစက္ကူများ၊ မင်၊ ဖလင်၊ ပလိပ်၊ ပုံနှိပ်ရေးပစ္စည်းများနှင့်စက်အရန်ပစ္စည်းများကို ပူးတွဲပါအရေအတွက်များအတိုင်းဝယ်ယူလိုပါသည်-

၁။ Woodfree Paper (gsm)	
(က) 28¼" (Reel 80gsm)	25TNE
(ခ) 34" (Reel 80gsm)	10 TNE
(ဂ) 27" x34" (60gsm) (500Shts/Pkt)	20Pkts
(ဃ) 31"x 43" (70 gsm) (500Shts/Pkt)	250Pkts
(င) 23½" x 33" (A1) (70gsm) (500Shts/Pkt)	500Pkts
(စ) 23½" x 33" (A1) (80gsm) (500Shts/Pkt)	500Pkts
(ဆ) 31" x 43" (100gsm) (500Shts/Pkt)	20Pkts
၂။ (က) ကြွေစက္ကူ(အထူ)	
(၁) 31"x 43"(210gsm) (500Shts/pkt)	30Pkts
(၂) A-1(260gsm) (500Shts/Pkt)	10Pkts
(ခ) ကြွေစက္ကူ(အပါး)	
(၁) 31"x43"(85 gsm)(500Shts/Pkt)	30 Pkts
(ဂ) MG Pressing Paper	
(၁) 31"x43"(205gsm)(Orange) (500Shts/Pkt)	10PKts
(ဃ) Other Papers	
(၁) Colour Pulp Board 22"x29"(210gsm) (Dark Pink) (500Shts/Pkt)	50Pkts
(၂) White Pulp Board A-1(200gsm) (500Shts/Pkt)	25Pkts
(၃) White Pulp Board 31"x43"(210gsm) (500Shts/Pkt)	15Pkts
၃။ (က) Web Offset Ink	
(၁) Black (25kg/Tin)	18000Kgs
(၂) Yellow (5kg/Tin)	1500Kgs
(၃) Cyan(5kg/Tin)	1500 Kgs
(ခ) Sheetfed Offset Ink	
(၁) Green (2kg/Tin)	1500Kgs
၄။ (က) Imagesetter Film & Chemicals	
(၁) 22" Film(KATANA)	30 Rolls
၅။ (က) Plate & Chemicals	
(၁)Negative Plate	
(က) 915 x626x 0.3mm	4200 Shts
(ခ) 1035x740x0.3mm	800 Shts
(ဂ) 650x550x0.3mm	400 Shts
(ဃ) 889x609x0.3mm	3200 Shts
(၂) Negative Plate Developer(5 Lit/Bot)	300 Bots
(၃) Positive Plate	
(က) 635x745x0.3mm	1000 Shts
(ခ) 1065x785x0.3mm	300 Shts
၆။ CTP Plate & Chemical	
(က) CTP Thermal Plate	
(၁) 635x745x0.3mm	600 Shts
(၂) 605x745x0.3mm	400 Shts
(၃) 889x609x0.3mm	200 Shts
(ခ) CTP Chemical (Ready to Use)	200 Lit
(ဂ) Gum Solution	20 Lit
၇။ Wipe On Developer & Others	
(က) Coating A+B	50 Lit
(ခ) Lacquer (5 Lit/Bot)	30 Bots
(ဂ) Plate Cleaner (1 Lit/Bot)	80 Bots
၈။ Stiching Wire	
(က) 22 Guage (G1 Wire)	10 Coils
(ခ) 23 Guage (2kg)	1000 Coils
(ဂ) 24 Guage (2kg)	1000 Coils
၉။ ပုံနှိပ်ရေးပစ္စည်းများ	
(က) Ep-22 Toner	5 Ctg
(ခ) Duplicator JP-755 Master Roll(CPMT-21)	12 Rolls
(ဂ) Duplicator JP-755Ink (CPI-10)	24 Rolls
၁၀။ စက်အရန်ပစ္စည်းများ	(၁၁)မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၁-၁၀-၂၀၁၂ရက်မှ ၁၁-၁၀-၂၀၁၂ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၂-၁၀-၂၀၁၂ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)နေပြည်တော်၊ ဖုန်း-၄၁၂၃၂၇၊ ၄၁၂၃၇၄





ဘမ်ရွမ်ဂရက် (BumRungrad) မြန်မာပြည်ရုံး လိပ်စာပြောင်းလဲဖွင့်လှစ်ခြင်း

ဘမ်ရွမ်ဂရက်ဆေးရုံကြီး၏ မြန်မာပြည်ရုံးလိပ်စာအား အောက်ဖော်ပြပါနေရာသို့ အောက်တိုဘာလ (၁)ရက်နေ့မှ စတင်၍ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမှတ်-၄၆(အေ) ပန်တျာလမ်း၊ ဒဂုံမြို့နယ်၊ တပ်မတော်ခန်းမရှေ့၊ (ဦးဝိစာရလမ်း)

ဖုန်း-01-378016, Ext 101
Hot Line -095105105



အမည်ပြောင်းလဲခေါ်ဆိုပါရန်

တောင်အိုးဗိုဝင်း၊ မန္တလေးမြို့နေ အဖဦးထွန်းမြ-အမိဒေါ်နန်းမြစိမ်းတို့၏ သားများဖြစ်ကြသော မိုးမြင့်ကြည် [၁၃/တကန(နိုင်) ၂၇၅၉၀၇] အား ခန့်မင်းပိုင်စိုးဟူ၍ လည်းကောင်း၊ ဌေးမြင့်ကြည် [၁၃/တကန(နိုင်) ၂၇၅၉၀၉] အား ရှိုင်းဇေညီထွန်း ဟူ၍ လည်းကောင်း၊ သောင်းမြင့်ကြည် [၁၃/တကန(နိုင်)၂၇၅၉၀၈]အား ခန့်ပိုင်စိုးဟူ၍လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

အမြန်အကြောင်းကြားပေးပါရန်

ကျွန်မ မမီမီအေးသည် ၁-၁၀-၂၀၁၂နေ့ မွန်းလွဲ၁၂း၁၅ခန့်တွင် စင်ကာပူသံရုံးမှအပြန် Taxi ယာဉ် cherry QQ (အပြာ) ကားပေါ်၌ ပတ်စ်ပို့အမှတ် - M-၈၇၈၄၂၀/၈၇၆၉၁၂ နှစ်အုပ်တွဲစာအုပ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအမြန်အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၃၁၃၄၁၃၆၊ ၀၉-၄၃၁၆၈၁၃၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ်-၈၂၇/က၊ မြေကွက်တည်နေရာ အမှတ်(၈၂၇/က) ဇဗ္ဗူအေး(၁)လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်၊ (တောင်ပိုင်း) မြို့နယ်၊ ဦးစန်းဝင်း (MTNT-023278) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးစန်းဝင်းမှ နှစ်(၆၀)ဂရန် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက် ကျမ်းကျိန်လွှာဝန်ခံချက်များတင်ပြပြီး နှစ်(၆၀) ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားလွှာ

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ကန်တော့ပွဲ၊ နိုင်ငံတော်မှချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများအား ဂုဏ်ပြုပွဲ၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ပညာရည်ချွန်ဆုပေးပွဲတို့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နယ်သူ၊ နယ်သားများအားလုံး ပျော်ပျော်ပါးပါးဆုံစည်းကြပါစို့. . .

ကျင်းပမည့်နေ့ရက် - ၇-၁၀-၂၀၁၂ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက်၉နာရီ
ကျင်းပမည့်နေရာ - တက္ကသိုလ်များဓမ္မာရုံ၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်။
မှတ်ချက် ။ ။ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။

အလုပ်အမှုဆောင်အဖွဲ့







အမည်ပြောင်း

သဲကုန်း၊ အထက၊ သတ္တမတန်း(က)မှ ဦးဝင်းမြင့်၏သား မောင်ဘုန်းမြင့်ထွန်းအား ယနေ့မှစ၍ မောင်အောင်ဘုန်းမြင့်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ဘုန်းမြင့်ထွန်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၇၄၁၊ မြေကွက်တည်နေရာအမှတ်-(၇၄၁)၊ ဝရဇာ(၆)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ(ဦးအောင်ထွန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်ထွန်းနှင့် ဇနီးဒေါ်ငွေသိန်းကွယ်လွန်သဖြင့် ဒေါ်သင်းသင်း[၁၂/ဥကတ(နိုင်)၀၆၂၉၇၅]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊မြေကွက်အမှတ်-၈၆၆၊မြေကွက်တည်နေရာအမှတ်-၈၆၆၊ ကျော်သူလမ်း-၂၀၊ ၉ ရပ်ကွက်၊ တောင်ဥက္ကလာပ(ဒေါ်ချစ်ခင်၊ ဦးအောင်သန်းမြင့်) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ချစ်ခင်နှင့်ခင်ပွန်း ဦးအောင်ဝင်းကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအောင်သန်းမြင့်[၁၂/ဥကတ(နိုင်)၀၂၅၈၇၁]က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မှော်စက်၊ မြေကွက်အမှတ်-၄၉၇၊ မြေကွက်တည်နေရာအမှတ်-၄၉၇၊ တံတားဖြူလမ်း၊ မှော်စက်ရပ်ကွက်၊ ဒလမြို့နယ်၊ ဦးတင်မြင့်[၁၂/ဒလန(နိုင်)၀၀၆၂၄၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်မြင့်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူဒေါ်ထွေးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ(၉၃၅၉/၁၂)ရရှိသူ ဂူရှင်ဖန်[၁/မကန(ဧည့်)၀၀၁၁၈၁]မှ သေစာရင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



အငြိမ်းစားဝန်ကြီးချုပ် သူရဦးထွန်းတင်၏ (၉၂)နှစ်မြောက်မွေးနေ့တွင်

(၁) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဘက်စုံအလှူငွေကျပ် ၁၀၀၀၀၀ိ/-
(၂) ကမ္ဘာအေးသံဃမဟာနာယကဆွမ်းပဒေသာပင်ငွေကျပ် ၁၀၀၀၀၀ိ/-
(၃) မင်းကွန်းတိပိဋကကျောင်း ဆွမ်းပဒေသာပင်ငွေ ကျပ် ၁၀၀၀၀၀ိ/-
(၄) ဇီဝိတဒါနသံဃာ့ဆေးရုံ ဆေးနှင့်ဆွမ်းပဒေသာပင်ငွေကျပ် ၁၀၀၀၀၀ိ/-
(၅) နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး ဆွမ်းပဒေသာပင်ငွေကျပ် ၁၀၀၀၀၀ိ/-

စုစုပေါင်းငွေကျပ် ၅၀၀၀၀၀ိ/- လှူဒါန်းပြီးဖြစ်ပါသဖြင့် နတ်လူသာခု ခေါ်စေသော်။

မြန်မာတစ်နိုင်ငံလုံးပထမဆုရ မောင်သော်စစ်နိုင်

ဘိုးဘိုး ဘွားဘွားအတွက် မြေးထက်မြက်
ဘဘတို့အတွက် တူ ထူးချွန်
ဖေဖေ မေမေ ညီလေးတို့အတွက် သားကောင်းရတနာ
ဘမျိုးဘိုးတူ ရွှေပါရမီမျိုးဆက်သစ်ဖြစ်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါက်တာစိုးသိန်း-ဒေါ်မွန်မွန်ရင်
ဒေါ်အေးအေးဝင်း(မိသားစု)၊ ဒေါ်သူဇာကြည်

သင့်သွေးဖြင့် အသက်ကယ်ပါ

အထက(တကူ) တနင်္သာရီတိုင်းဒေသကြီး ငွေရတုသဘင်နှင့်မြတ်ဆရာပူဇော်ပွဲ အသိပေးနှိုးဆော်လွှာ

တနင်္သာရီတိုင်းဒေသကြီး၊အထက(တကူ)၏(၂၅)နှစ်မြောက် ငွေရတုသဘင်နှင့် ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကို ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ ၂၇၊ ၂၈ရက်တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ အလက၊ တွဲဖက်အထက၊ အထကအဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဆရာကြီး၊ ဆရာမကြီးများအား တပည့်များက ပူဇော်ကန်တော့လိုပါသဖြင့် ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ပြန်လည်ဆက်သွယ်ပေးပါရန် အဝေးရောက် ကျောင်းသား၊ ကျောင်းသူဟောင်းများအား အခမ်းအနားကြီးသို့ မပျက်မကွက် တက်ရောက်ပေးကြပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ကြပါရန် လေးစားစွာ အသိပေးနှိုးဆော်အပ်ပါသည်။

(၂၅)နှစ်မြောက်ငွေရတုသဘင်နှင့် ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ဆက်သွယ်ရန်- (၁) ဆရာဦးကြည်လှိုင်(ရန်ကုန်)၀၉၇၃၂၁၅၉၂၈၊ (၂)ဒေါ်မာ မာစိုး(ရန်ကုန်)၀၁၅၈၃၃၆၂၊ (၃) ဦးကြည်တိုး (နေပြည်တော်) ၀၉၈၃၀၁၀၇၃၊ (၄) ဆရာဦးစန်းအောင်(တကူ)၀၉၄၉၅၉၃၅၂၁၊ (၅) ကိုငွေစိုး(ခ)ဖိုးယု(တကူ)၀၉၄၉၈၉၈၆၄၂၊ (၆)မခင်ခင်ချို(တကူ) ၀၉၄၉၈၉၈၆၃၀၊ (၇)ကိုမြင့်ကို(မြိတ်)၀၉၄၅၀၉၉၃၁၈၂၊ (၈)ကိုအောင်ကိုကိုထွေး(မြိတ်) ၀၉၄၁၀၀၅၄၈၆

တေဇ(၂၂)၏ (၁၇)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ ဖိတ်ကြားခြင်း

တေဇ(၂၂)ကျောင်းဆင်းသူငယ်ချင်းများ၏ (၁၇)နှစ်မြောက်ကျောင်းဆင်းနှစ်ပတ်လည်နေ့ မိတ်ဆုံစားပွဲနှင့် ကျဆုံး/သေဆုံးသွားကြသော သူငယ်ချင်းများအတွက် ရည်စူး၍ အလှူဒါနပြုလုပ်ခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုဝင်များအားလုံးတက်ရောက် ပါဝင်လှူဒါန်းနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀-၁၀-၂၀၁၂ရက်(စနေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - ဝိရတိတောရစန်းသီတာသီလရှင်သင်ပညာရေးကျောင်း၊ လက်ယက်စမ်းကျေးရွာ၊ သန်လျင်မြို့။
ဆက်သွယ်ရန် - ရဲဝင်းရှိန် ဖုန်း-၀၉ ၅၀၅၅၁၁၇
ဇော်ဟိန်း ဖုန်း-၀၉ ၅၁၂၇၀၈၂
စိုးနိုင် ဖုန်း-၀၉ ၇၃၁၅၁၈၃၂

မြဝတီဘဏ်စာရင်းအမှတ်- S132K0011015914U





နှလုံးလှ အလှူရှင်များသို့

နှလုံးလှအလှူရှင်များ၏ (၁၃)ကြိမ်မြောက် အလှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် လိုက်ပါလှူဒါန်းလိုသူများကြိုတင်ဆက်သွယ်ကြပါရန်။

နေ့ရက် - ၇-၁၀-၂၀၁၂ရက်(တနင်္ဂနွေနေ့)
နေရာ - သဲကုန်းလေးကျေးရွာ၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
- ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင်(ဆန္ဒမွန်ဆေးတိုက်)ဖုန်း-၅၂၂၄၈၈
- ဦးကျော်သူလင်း-ဒေါ်နှင်းနှင်းထိုက်(ချမ်းငြိမ်းခင်ဆန်စက်ဘရိတ်တုံး) ဖုန်း-၀၉-၅၁၇၁၄၇၀၊ ၀၉-၇၃၀၃၃၇၅၂
- ဒေါ်မိုးသီရိ ဖုန်း-၀၉-၅၀၈၆၅၅၃
- ဒေါ်ကြေးမုံ(နှစ်သက်စရာထမင်းဆိုင်) ဖုန်း-၀၉၄၃၁၁၉၇၄၅

စာသင်ကျောင်းအတွက် လိုအပ်သော စာသင်ခုံ၊ စာအုပ်၊ စာရေးကိရိယာစုံ၊ ကျောင်းဝတ်စုံနှင့် တစ်နေ့တာအာဟာရများလှူဒါန်းကြမည်ဖြစ်သဖြင့် လှူမည့်နေ့ နံနက် ၈နာရီတွင် အမှတ်(၅၀)၊ မြေညီထပ်၊ သမိုင်းဘူတာရုံလမ်း၊ ဆန္ဒမွန်ဆေးတိုက်ရှေ့မှ စတင်ထွက်ခွာပါမည်။

မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ကျွဲကောစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့

‘ကျွဲကောသီးပြပွဲ၊ ပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ’

ကျင်းပမည်။

နေရာ - စိမ်းလဲ့တင် သဘာဝအပန်းဖြေစခန်း၊ ဘိုက္ကားကျေးရွာ၊ ၁၀၅မိုင်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
နေ့ရက် - ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်မှ ၇ ရက်အထိ

ပါဝင်ယှဉ်ပြိုင်ပြသလိုသူများသည်
ဖုန်း-၀၉-၅၀၀၂၂၁၅၊ ၀၁-၂၁၈၃၆၇၊ ၀၉-၈၇၂၃၁၂၃/၄ သို့
စာရင်းပေးသွင်းမေးမြန်းစုံစမ်းနိုင်ပါသည်။

‘ကျွဲကော အရည်အသွေးမြှင့်တင်ဖို့ အားလုံးပါဝင်ဆင်နွှဲစို့’

ဆရာကြီးအရဟံဆရာအောင် (အကြားအမြင်ပညာရှင်)

နိုင်ငံခြားကိစ္စ၊ သင်္ဘောတက်လိုသူ၊ အိမ်၊ ခြံမြေ ရောင်းဝယ်ရေးဆိုင်မှာ လူဝင်များဖို့၊ အချစ်ရေး၊ မင်္ဂလာအခါပေး၊ ပစ္စည်းပျောက်၊ ကလေးနာမည်ပေး၊ သားသမီးလိမ္မာစေရန်၊ အမှုကိစ္စ၊ ရာထူးတိုး အိမ်ထောင်ရေး (မူလအိမ်ထောင်ရှင်ဘက်မှ) အထူးဆောင်ရွက်၏ ဓာတ်ရိုက်ဓာတ်ဆင်အာမခံသည်။ ကြိုတင်ဖုန်းဆက် တိုင်ပင်ယူပါ။ [အမှတ်-၃၀၂၊ ရွှေဘုံသာအလယ်လမ်း(နံနက် ၈း၃၀ မှ ၁ နာရီ)]၊ အမှတ် ၈၈(ပထပ်)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ (၁း၃၀မှ ၃း၃၀နာရီ) အမှတ်-၁၇၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်။

ဖုန်း-၀၉-၇၃၁၅၃၁၈၈၊ ၀၉၅၁၁၂၁၄၆၊ ၀၅၆-၂၁၆၀၉





ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၄၉)၊ (၈-ထပ်)တိုက်အဆောက်အအုံ၏ (၆-လွှာ)၊ ခြေရင်းခန်းဟုခေါ်တွင်သည့် အကျယ်အဝန်း ပေ(၁၅×၆၀)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဦးညွန့်ရွှေ[၇/အတန (နိုင်) ၀၀၀၁၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားဖြင့် ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ရုံးချိန်၌ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်ဌေး
LL.B, Dip in Business Law
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၀၅)
ဖုန်း-၀၉၅၀၄၂၉၆၃



Colorful Korea
27-October, 24-November

28-October, 24-November

28-October, 25-November

27-October, 18-November

18-21 October 1-4 November

ဝါလကင်းလွတ် သီတင်းကျွတ်မှာ...

GO ပြီ!

NEW MOTION Travels & Tours

Oct 26

Oct 26

Oct 26

Oct 26

538 611, 537 972, 09-731 40933, 09-731 40848

Myanmar First Runner Travels & Tours

SUN FAR TRAVELS & TOURS CO., LTD.

သီတင်းကျွတ်...ခရီးစဉ်များ

ဥရောပ ခရီးစဉ်

(27 Oct - (6 Nov)

$5199

France, Switzerland, Germany, Austria, Italy

ဂျပန် ခရီးစဉ်

(26 Oct - 1 Nov)

$3499

Osaka, Kyoto, Hakone(Fuji), Tokyo, Yokohama

ပန်ကောက် - ပတ္တရား ခရီးစဉ်

(26 Oct - 1 Nov)

$649

Sincerity General Travel Services

01-374470

သားဟန် ပညာရပ်သာ

D.Ed Exam Guide

H.A.L

PST Travels

TANGO

Ph: 01-370452

GOLDEN STAR

COMPUTER TRAINING CENTER

100%

Computer Basic Course

20% OFF

HOT LINE - 383693

253793 - 295679

SPECIAL REPORT : Home & Office Privacy

NetGuidE

Vol. 7, No. 54

224711

ABC IT & Mobile

" သီတင်းကျွတ် အကြို အထူးဈေးလျှော့ပွဲ "

Laptop / Desktop

REDLINK

Promotion Date:

1 October - 15 October 2012

လေလံကြော်ငြာ

၁။ တပ်မတော်(ရေ)တွင် အသုံးမပြုတော့သည့် စက်မဲ့ ကုန်တင်ရေယာဉ် စီဘီ(၂၇၁)နှင့် (၂၇၆)တို့အား အောက်ပါအတိုင်း လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က)	ပစ္စည်းတည်ရှိရာနေရာ	-	စီဘီ (၂၇၁)၊ စီဘီ(၂၇၆)၊ ရေဝတီရေတပ်စခန်းဌာနချုပ်၊ အမှတ်-၃၆၊ စစ်ရေယာဉ်စုသန်လျက်စွန်း၊ ဗိုလ်တထောင်၊ ရန်ကုန်တိုင်းဒေသကြီး။
(ခ)	လေလံတင်ရောင်းချမည့်ရက်/အချိန်	-	၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် ၉း၀၀ နာရီ
(ဂ)	လေလံတင်ရောင်းချမည့်နေရာ	-	ဟောပြောခန်းမ၊ ရေတပ်ပင်မ ပစ္စည်းထိန်းတပ်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ဃ)	လေလံလျှောက်လွှာရောင်းချမည့်နေရာ	-	ရေတပ်ပင်မပစ္စည်းထိန်းတပ်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ အထက်ပါရေယာဉ်များအား စိတ်ဝင်စားသူများသည် ၂-၁၀-၂၀၁၂ ရက်မှစ၍ ၁၀-၁၀-၂၀၁၂ ရက်အထိ ရုံးချိန်အတွင်း ရေတပ်ပင်မ ပစ္စည်းထိန်းတပ်နှင့် တယ်လီဖုန်းအမှတ် ၀၃၁-၃၁၈၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၆၆ကေဗွီနှင့် ၃၃ကေဗွီ ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ပစ္စည်းများကို မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၂ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် မွန်းတည့် ၁၂း၀၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅

[illegible]

[illegible]

(Master of Banking and Finance - MBF)

[illegible]

ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ (၂၃)ကြိမ်မြောက် ဒါနဥပပါရမီစုပေါင်းသွေးလှူဒါန်းပွဲကို အောက်တိုဘာ ၇ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ နံနက် ၉နာရီမှ မွန်းလွဲ ၂နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ဆရာတော်နှင့်အတူ လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက်
(ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း(ရုံးချုပ်) တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မော်တော်ယာဉ်များအတွက် လိုအပ်သော တာယာ(၂၇)မျိုးနှင့် ဘက်ထရီ(၅)မျိုးအား မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၂ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် မွန်းတည့် ၁၂း၀၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅

ဆက်သွယ်ပါ

အိမ်ဒီဇိုင်းအဆောက်အအုံပြင်ဆင်ရန်အတွက် ကျွမ်းကျင်ဗိသုကာ ပညာရှင်(၁)ဦး အမြန်ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်
ဖုန်း-၀၁-၂၀၀၆၆၈



ဒုတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

AGTI(CIVIL)1994,INSEIN

ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၈-၁၂-၂၀၁၂ ရက် (အမျိုးသားနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလိုပါသဖြင့် ကျောင်းသား/ကျောင်းသူ သူငယ်ချင်းများအားလုံး မပျက်မကွက် အမြန်ဆုံး ဆက်သွယ်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

၁။ ဦးကိုကိုသက် Ph:095045040	**၅။ ဦးအောင်ဇော်မြင့် Ph: 095190779**
၂။ ဦးထိပ်တင်ဟန်လင်း Ph:0949233295	**၆။ ဦးဝင်းနိုင်ဦး Ph:095022180**
၃။ ဒေါ်ခင်မိုးအေး Ph:0943206932	**၇။ ဒေါ်နွယ်နီထွန်း Ph:098573046**
၄။ ဦးဇော်လွင်မိုး(S'Pore) Ph:(+)65-91125183	**၈။ ဒေါ်သီတာဝင်း Ph:095014882**

[illegible]

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၃-၁၀-၂၀၁၂ရက်နှင့် (စနေ၊ တနင်္ဂနွေ) အထူးသင်တန်းကို ၂၉-၉-၂၀၁၂ရက်တွင် ဖွင့်ပါမည်။ ၂၀-၉-၂၀၁၂ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ “သ” လိုင်စင်နှင့် “ခ” လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။

သင်တန်းသားဦးရေကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်း၊ ကားကြီး၊ ကွန်တိန်နာယာဉ်မောင်းနှင်ခြင်းသင်တန်းများကို ၁-၁၀-၂၀၁၂ရက်တွင် ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၆၆၀၈၅၁



အိမ်စီးကားသန့်ရောင်းမည်
(TOYOTA)

- PROBOX.2009(1.3) (အဖြူ) ၉ယ/၆--- TV Back Camera
- VITZ.2008(1.3) (ခရမ်းနု) (Push Start)TV Back Camera . kl 17---
- RACTIS 2006 late (Push Start)1.3 (ခဲ)

ဖုန်း-၀၁-၂၀၂၇၉၇၊ ၀၉-၅၁၄၂၇၆၃၊

အများသိစေရန်

၁၃-၉-၂၀၁၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာနှင့် ၁၉-၉-၂၀၁၂ ရက်ထုတ် ကြေးမုံသတင်းစာပါ မောင်ပြည့်ဖြိုးဝေနှင့် သက်ဆိုင်သူ အများသိစေရန် ကြေညာချက်တွင် မောင်ပြည့်ဖြိုးဝေသည် ယခင်က Naing Group တွင် လုပ်ကိုင်ခဲ့သော်လည်း ၎င်းသည် Naing Group ဝန်ထမ်း မဟုတ်တော့ပါ ဘဲလျက်မောင်ပြည့်ဖြိုးဝေ Naing Group ဟု ဖော်ပြကြေညာမိခြင်းအား Naing Group သို့ အနူးအညွတ် ဝန်ချတောင်းပန်ကြောင်း ကြေညာအပ်ပါသည်။

မနှင်းသီတာမောင်
[၁၀/မလမ(နိုင်)၁၃၂၄၅၂]



DMA APPROVED
JSM Maritime Training Center (JMTC)
B.E.S.T ဖြေဆိုရန်မလိုတော့ဘဲ ဦးရာလူစနစ်ဖြင့်
Presea (Deck) သင်တန်းစာရင်းပေးသွင်းနိုင်ပြီ

ဝါရင့်ရေယာဉ်မှူး(၃)ဦး၊(ပ)အရာရှိ(၁)ဦး၊ အင်ဂျင်နီယာမှူးကြီး(၂)ဦး၊ Bosun (၁)ဦးတို့ဖြင့်သင်ကြားပေးနေပါပြီ။

SEAMAN SHIP လက်တွေ့နှင့်တကွ STEERING SIMULATOR ပါပူးတွဲ၍သင်္ဘောတက်မကိုင်မှု ကျွမ်းကျင်အောင် အထူးသင်ကြားပေးပါမည်။

သင်တန်းဖွင့်မည့်ရက် - ၈-၁၀-၂၀၁၂ရက် (သို့မဟုတ်)၁၅-၁၀-၂၀၁၂ရက်

D ဆောင်-၅လွှာ၊ အခန်း-၅၀၇၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်၊
ဖုန်း-၀၉-၄၅၀၀၂၆၃၄၂





(၁၇-၉-၂၀၁၂)ရက်နှင့် (၁၉-၉-၂၀၁၂)ရက်ထုတ် ကြေးမုံသတင်းစာများတွင် ဒေါ်နွဲ့နွဲ့စန်း၊ မမီမီကျော်ဝင်းနှင့် ကိုဇေယျာကျော်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေများဖြစ်သော ဦးနေဝင်းဇံနှင့် ဒေါ်အေးမြင့်ခင်တို့၏ ကြေညာချက်များအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက်(E)၊ အခန်း(၉၀၇)နေ မစိမ့်နန္ဒာဝင်းဆွေ[၁၂/ဥကတ(နိုင်)၁၆၄၁၀၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

၃ဃ/၅၅၆၆ (Hilux Surf) ကား၊ ၃ဃ/၄၄၃၃ (Toyota Harrier) ကားနှင့် ၄ဃ/၅၅၆၄(မတ်တူးရွှေငါး)စသည့် ကား(၃)စီးမှာ ကိုဇေယျာကျော်ဝင်းနှင့် မစိမ့်နန္ဒာဝင်းဆွေတို့ ပေါင်းသင်းစဉ်ကာလအတွင်း၌ မစိမ့်နန္ဒာဝင်းဆွေ၏ ဘဏ် Account ထဲမှငွေများကို ထုတ်ယူပေးခဲ့ရပြီး၊ ကိုဇေယျာကျော်ဝင်းမှ ၎င်းအမည်များဖြင့် မှာယူဝယ်ခဲ့ခြင်းသာဖြစ်ပါသည်။ စာရွက်စာတမ်းအထောက်အထားမူရင်းများမှာလည်း မစိမ့်နန္ဒာဝင်းဆွေ၏ လက်ဝယ်တွင်သာရှိပါသည်။ ဒေါ်မီမီကျော်ဝင်းကြေညာသည့် ၄ဃ/၅၅၆၄(မတ်တူးရွှေငါး)မှာ ယာဉ်ပိုင်ရှင် ဦးအောင်အောင်ထံမှ ကိုဇေယျာကျော်ဝင်းအမည်ဖြင့် စရန်ငွေပေးချေဝယ်ယူထားခဲ့ခြင်းဖြစ်ကာ ၄ဃ/၅၅၆၄ ကားကို ဒေါ်မီမီကျော်ဝင်း ဝယ်ယူထားပြီး ကားလက်ဝယ်ရှိထားသည်ဆိုခြင်းမှာလည်း မောင်အရင်းတော်စပ်သူ ကိုဇေယျာကျော်ဝင်းနှင့် ပူးပေါင်းဆောင်ရွက်ထားခြင်းသာဖြစ်ပါသည်။ ၃ဃ/၄၄၃၃(Toyota Harrier)ကားကိုလည်း မည်သူ့ကိုမျှ ပေးကမ်းခဲ့ခြင်းမရှိပါ။ အမည်ပေါက်သူ ကိုဇေယျာကျော်ဝင်းမှ မိခင်ဖြစ်သူအား ယာယီအသုံးပြုစေခဲ့ခြင်းသာဖြစ်ပါသည်။ ၃ဃ/၅၅၆၆ (Hilux Surf) ကားမှာလည်း မည်သူ့ကိုမျှရောင်းချရန် စရန်ငွေရယူ၍ ဆောင်ရွက်ထားခဲ့ခြင်းလုံးဝမရှိပါ။ ထို့ကြောင့် အထက်တန်းရှေ့နေများဖြစ်သော ဦးနေဝင်းဇံနှင့် ဒေါ်အေးမြင့်ခင်၊ လွှဲအပ်ညွှန်ကြားသော ဒေါ်နွဲ့နွဲ့စန်း၊ မမီမီကျော်ဝင်းနှင့် ကိုဇေယျာကျော်ဝင်းတို့၏ ကြေညာချက်ပါ တောင်းဆိုချက်ကို လိုက်နာရန် အကြောင်းမရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

